
www.burmeseclassic.com



www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ
(၇၅) ၁၆၄-လမ်း
တာမွေ ရန်ကုန်
ဖုန်း - ၇ ၆၆ ၉၄

www.burmeseclassic.com

www.burmeseclassic.com

## ဒို့အရေး အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ် ၆၅

# သိဒ္ဓေယာဂဋေဖေဖေ

# Nothing This Family Can't Do

မြင့်မိုးလှိုင်

၂၀၀၂ ၊ မေလ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၇/၂၀၀၁ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၀၀၁/၂၀၀၂ (၂) |
| | |
| မျက်နှာဖုံးဒီဇိုင်း | ဓ . ဒ . ဝ |
| အတွင်းဖလင် | ဦးမြင့် |
| ပုံနှိပ်သူ | ဦးကျော်ဆွေမင်း<br>အောင်သိန်းသန်းပုံနှိပ်တိုက်<br>(၀၅၉၉၂)<br>၄၄ သိမ်ဖြူလမ်း ရန်ကုန် |
| | |
| ထုတ်ဝေသူ | ဦးအောင်ကြီး<br>ရွှေပုရပိုက်စာပေ<br>၅-တင်ဆန်လမ်း ဥတ္တလစ်<br>ရန်ကုန် |
| | |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | မေလ ၂၀၀၂ |
| တန်ဖိုး | ၂၅၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ဖေဖေ

တစ်နေ့ ကျောင်းကနေ အိမ်ပြန်အရောက်မှာ ကျွန်မက ခပ်ကြွားကြွားလေး ပြောလိုက်တယ်။

"ဖေကြီး ... သမီး အဆင့်'အေ'ရတယ်"

"ကောင်းတာပေါ့ ... မုန့်ဝိုင်းလေးရဲ့" လို့ ဖေဖေက ကျွန်မ နာမည်ကို ပြောင်ခေါ်ရင်း ပြန်ပြောတယ်။

"အေး ... ဪ ... ဒါထက် အဆင့်'အေ+' ရှိသေးတယ် မဟုတ်လားကွ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အဆင့်'အေ+'ရပြီး ကျွန်မ အိမ်ပြန်လာတော့ ဖေဖေက "သိပ်တော်တာပဲ သမီးရယ်၊ ဒီတစ်ခါ အဆင့်'အေ+'ရအောင်လုပ်၊ သိလား"လို့ ပြောပြန်ပါရော။

ဖေဖေက တစ်ဖက်သတ် တစ်ယူသန်သမားတော့ မဟုတ်ပါဘူး။ လူမည်းမိသားစုကမွေးဖွားလာတဲ့ ကျွန်မတို့ ညီအစ်မတွေအနေနဲ့ ရှေ့လျှောက်ရမယ့် ဘဝခရီးက အဝေးကြီးရှိသေးတယ်ဆိုတာ သူ ကောင်းကောင်းသိတယ်။ ပြီးတော့ သူယုံကြည်ထားတာ တစ်ခုရှိတယ်။ အဲဒါက "ဒီနေရာရောက်ရင် တော်ပါပြီလို့ မှန်းထားမယ်၊ ပြီးတော့ အဲဒီနေရာကိုပဲရောက်တယ်ဆိုရင် မင်းရှုံးပြီသာမှတ်။ မင်းစိတ်ထဲမှာ အမြဲတမ်းစွဲနေရာမှာက ရှေ့ဆက်တိုးလေ လက်ထဲမှာ ဒီ့ထက်ဆုပ်မိလေ ဖြစ်ရမယ် ဆိုတာပဲ။ မင်းအနေနဲ့ အလုပ်တစ်ခုကို လုပ်ချင်စိတ်လည်း ရှိမယ်၊ အလုပ်ထဲကို စိတ်ရောကိုယ်ပါလည်း နှစ်ထားမယ်ဆိုရင် လုပ်လို့ဖြစ်ကို ဖြစ်ရမယ်" တဲ့။

သမီးငါးယောက်နဲ့ ဖေဖေ့ပုံက ဘာနဲ့တူသလဲဆိုတော့ မိန်းကလေး အသင်းတစ်သင်းရဲ့ အားကစားနည်းပြတစ်ယောက်လိုပဲ။ အားပေးလှုံ့ဆော်ရ၊ အပြစ်ပေးရ၊ ချီးမွမ်းရတာကတစ်မျိုး၊ တင်းတင်းမာမာတွန်းပို့လိုက်၊ ညင်ညင်သာသာ နားချလိုက် လုပ်ရတာက တစ်မျိုးနဲ့ ကျွန်မတို့ကို ပြိုင်ပွဲ တစ်လျှောက် 'အေ++' အဆင့်မျိုးတွေရပြီး အောင်ပွဲဝင်အောင် လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ ဘဝမှာရှိရမယ့် အဆုံးစွန်မျှော်မှန်းချက်နဲ့ ပတ်သက်လာရင်တော့ ကျွန်မတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် အဖြစ်မခံခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးငါးယောက်စလုံး ကြီးလာရင် ဆရာဝန်မကြီးတွေ ဖြစ်ရမယ်ဆိုတဲ့ တကယ်ဖြစ်ဖို့မလွယ်တဲ့ အတွေးနဲ့လည်း ဖေဖေ က စိတ်နှလုံး ဒုန်းဒုန်းချထားလိုက်သေးတယ်။ တကယ်တော့ သူ့အလုပ်က ကာယလုပ်သားပါ။ မေမေက သန့်ရှင်းရေးအလုပ် သမ လုပ်တယ်။ ပြန်ပြောရမယ်ဆိုရင်တော့ ၁၉၄၀ ပြည့်နှစ်တွေရဲ့ စောစောပိုင်းအချိန်လောက်ကပေါ့။ အဲဒီတုန်းက အခွင့်အရေး တန်းတူညီမျှမှု မရှိသေးဘူး။ အပြုသဘောဆောင်တဲ့ လှုပ်ရှားမှု ဆိုတာလည်း မပေါ်သေးဘူး။ ဒီလိုကာလမျိုးမှာ ကျွန်မတို့အတွက် သူမက်ခဲ့တဲ့ စိတ်ကူးယဉ်အိပ်မက်က တကယ်ဖြစ်လာဖို့ဆိုတာများ ဝေးပါသေးရဲ့။

နယူးဂျာစီနယ် မွန်းမောက်ခ်ကပ်မှာ ဖေဖေ မြေကျင်းတူးတဲ့ အလုပ် ဝင်လုပ်တဲ့အချိန်။ မေမေက စတုတ္ထမြောက်သမီးကလေး မျက်နှာမြင်တယ်။ အဲဒီနောက် တစ်ယောက် မွေးသေးတယ်။ အဲဒါလေးကလည်း ပဉ္စမမြောက် မိန်းကလေးပဲ ဖြစ်နေတော့ ဖေဖေနဲ့ လုပ်ဖော်ကိုင်ဖက် ကျင်းတူးသမားတွေက ဖေဖေ့ကို သမီးတစ်ပြုံကြီးကလွဲရင် ဘာမျှမရှိတဲ့လူဆိုပြီး ဝိုင်းစကြတယ်။ တစ်ဖက်သားမခံချင်အောင်ပြောတတ်တဲ့ လူတစ်ယောက်ကတော့ သူ့မိန်းမသာဆိုရင် "ဟင် ...သမီးငါးယောက်မွေးပြီး သား တစ်ယောက်မှ မမွေးတဲ့မိန်းမ၊ ငါ နင်နဲ့မနေဘူး၊ သွားမယ်"လို့ ပြောလိုက်မှာပဲတဲ့။ ဒါပေမဲ့ ဖေဖေက မေမေ့ကို ချစ်တယ်။ သား ယောက်ျားလေး တစ်ယောက်တစ်လေတော့ သူလည်း လိုချင်တာ မှန်ပေမယ့် မရလို့ဆိုပြီး မိသားစုကိုခွဲခွာသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုး သူ့မှာ ယောင်လို့တောင် မရှိခဲ့ဖူးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တခြားအလုပ်သမားတွေကသူ့ကို နောက်ဟယ်ပြောင်ဟယ် လုပ်လည်း ခံနေတာပဲ။ တစ်နေ့တော့ ဖေဖေက သူတို့ကို ပြန်ပြော လိုက်တယ်။

“အေး … ငါ့သမီးတွေကြီးလာလို့ ဆရာဝန်တွေဖြစ်လာ တော့မှ မင်းတို့ မရယ်နိုင်ဘဲ ဖြစ်နေမယ် မှတ်ထား”

“ဘာကွ၊ မင်းက ဘယ်သူ့ကိုပြန်နောက်နေတာလဲ” လို့ မေးရင်း အလုပ်သမားတွေက ခွက်ထိုးခွက်လန် ရယ်ကြတယ်။

“အဲဒီလို စီမံကိန်းတွေချထားတဲ့ မိန်းကလေးမျိုးတွေပေါ့ကွ၊ စောစောစီးစီး ယောက်ျားရကုန်တာ၊ မင်းချာတိတ်တွေလည်း ၁၉ နှစ်သမီးလောက် ရောက်တာနဲ့ ကလေးတွဲလောင်း ဖြစ်ကုန်မှာ ပါကွာ”

“ငါ့ကလေးတွေ မဖြစ်စေရဘူး” ဖေဖေက ပြန်ပြောတယ်။

စိတ်ထဲမှာလည်း သူ့စကား သူပြန်ကြားယောင်နေတယ်။ ဆရာဝန်မကြီးတွေတဲ့။ အသံထွက်ရတာ ခံ့ညားလိုက်တာ။ ဆရာဝန်တွေဆို မြေကျင်းတူးစရာမလိုဘူး။ အိမ်တကာလိုက်ပြီး ရေဆေး ကြမ်းတိုက် လုပ်စရာမလိုဘူး။ ဘုရားသခင်က ငါ့ကို သမီးတွေချည်း ပေးသနားတော်မူတာဟာ အကြောင်းရှိရမယ်။ သူတို့ကို ငါ တစ်ခုခုဖြစ်အောင် လုပ်ပေးမယ်။ ဒါကို ငါ့မျက်စိနဲ့ တပ်အပ် မြင်သွားရစေ့မယ်။

တကယ်တော့ ဆရာဝန်ဖြစ်အောင်ဘယ်လိုလုပ်ရကိုင်ရမယ် ဆိုတာ ဖေဖေ သိပ်သိလှတာမဟုတ်ဘူး။ ဒါပေမဲ့ မေမေ ပြောပြ တာကို သူ သဘောကျတယ်။ ဟုတ်တယ်၊ ပထမဦးဆုံးအဆင့် က သမီးတွေ ကျောင်းမှာ စာတော်ဖို့ပဲ။ သူဆို ၁၄ နှစ်သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထွက်ခဲ့ရတယ်။ ဒါပေမဲ့ ဒီအမှားမျိုး နောက်ထပ်မဖြစ်စေရဘူးလို့ သူ သန္နိဋ္ဌာန်ချခဲ့တယ်။

နယူးဂျာစီနယ်၊ လောင်းဘရန့်ချ်မှာ ကြီးပြင်းလာခဲ့ရတဲ့ နှစ်ကာလတွေကတော့ ဖေဖေ့အတွက် စိတ်ဓာတ်ကျစရာပါ။ ကျောင်းမှာလည်း ကျောင်းမှာမို့ မျက်နှာငယ်ခဲ့ရတယ်။ အဝတ်ဆိုလည်း အဟောင်းအနွမ်းတွေပဲ ဝတ်ရတာမို့ ကိုယ့်ဟာနဲ့ကိုယ် လိပ်ပြာက မသန့်ချင်ဘူး။ ရှပ်အင်္ကျီကော်လံမှာ ချည်စတွေ ဖွာထွက်နေတာကို ချုပ်ချုပ်ရုပ်ရုပ်ဖြစ်သွားအောင် ဆိုပြီး အစ်မလုပ်တဲ့သူက ဂျုံမှုန့်အနှစ်နဲ့ ကော်တင်ပေးတယ်။ ဒါပေမဲ့ အဲဒီ ကော်တင်ထားတာကြီးက လည်ကုပ်ပေါ်မှာ တော်တော်အနေရခက်တာ။ ပြီးတော့ သူ့ကို လူတကာက ဝိုင်းသနားတာ ခံနေရတယ်လို့လည်း စိတ်ထဲက ခံစားနေရတယ်။

ဒီတော့လည်း ဖေဖေ ကျောင်းထွက်လိုက်တာ အံ့သြစရာတော့ မရှိပါဘူး။ အဲဒီလို ပညာတစ်ပိုင်းတစ်စနဲ့ ထွက်ခဲ့ရလို့ သူ့ဘဝတစ်လျှောက်လုံး စိတ်မချမ်းမြေ့စရာအကြောင်းတစ်ခု ဖြစ်ခဲ့တယ်ဆိုပေမယ့် ကျွန်မတို့ဖေဖေက အမြဲတမ်းလို သူ့မှာ ရှိသလောက်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တဲ့သူပါ။ ၁၉၃၉ ခုနှစ်မှာ သူ အလုပ်တစ်ခုရတယ်။ ဆယ်န်ဒီဟွတ်ခ်ကမ်းခြေကို အကာအကွယ်လုပ်ဖို့ ဧရာမကျောက်တုံးကြီးတွေနဲ့ ဆိပ်ခံဆောက်တဲ့ နေရာမှာ ကူဖော်လောင်ဖက်အလုပ်ပေါ့။ လခထုတ်တဲ့နေ့တိုင်း သူ ခြေဦးလှည့်ခဲ့တာကတော့ ဟာလင်မ်မြို့ဘက်ပဲ။ အဲဒီမြို့မှာက လူတွေနဲ့ ဆိုင်းသံ ဗုံသံ ဂီတသံတွေနဲ့ စည်ကားပြီး ပျော်စရာကောင်းတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါဘူး၊ ဟာလင်မ်မြို့က အကြီးကျယ်ဆုံး၊ အကောင်းဆုံး ဆိုတဲ့ 'သာရေဇာဟိုကယ်' မှာ သူ ပစ္စည်းသယ်တဲ့ ပေါ်တာအလုပ် ရတယ်။ အဲဒီအချိန်ကစပြီး သူ အင်မတန်စွဲလန်းတဲ့ ဂျက်ဇ်ကြီးဝိုင်းနဲ့ လူကို မွေ့ရမ်းပြီးကရတဲ့ ကာလပေါ်အက ကရအောင် ညတိုင်း ခြေစကြာဖြန့်တော့တာပါပဲ။

ဒီလိုနဲ့ပဲ နာမည်ကျော် ဆဗွိုင်းကပွဲခန်းမထဲမှာ ကရင်းမေမေနဲ့ သူ ဆုံခဲ့တာပေါ့။ မေမေက သူတို့နှစ်ယောက်ဇာတ်လမ်းကို ပြန်ပြောရင် အဲဒီနေရာက စလေ့ရှိတယ်။

"အဲဒီအသားမည်းမည်းနဲ့ ကောင်လေးက အနားရောက်လာပြီး ကိုနဲ့ကပါရစေလို့ ခွင့်တောင်းတယ်။ တို့ကလည်း ကိုယ့်ဘာသာကိုယ် တွေးကြည့်တယ်။ သူနဲ့ အချိန်ကုန်ခံပြီး ကနေရင် ငါတော့ ရှုံးရာကျမှာပဲပေါ့။ ဒါပေမဲ့ ကကြည့်လိုက်တော့ ညည်းနှယ်အေ အကသမားဖြစ်ဖို့များ မွေးလာသလား အောက်မေ့ရတယ်၊ အံ့ရော"

မေမေလည်း 'သာရေဇာဟိုကယ်' မှာ အိပ်ခန်းလှည်းကျင်းပြင်ဆင်ရတဲ့အလုပ် လုပ်နေမှန်း ဖေဖေ သိခဲ့ရတယ်။ နာမည်က အီကာတ်စကာဖရန့်စစ်အက်ဒ်မွန့်စ်။ ဒါပေပမဲ့ လူတိုင်းက ကာက်စ်လို့ပဲ ခေါ်တယ်။

၁၉၄၃ ခုနှစ်၊ စက်တင်ဘာလမှာ ဖေဖေ အလုပ်ခန့်စာရတယ်။ ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြပြီးရင် အလုပ်ဝင်နိုင်ပြီတဲ့။ ဒါနဲ့ စက်တင်ဘာလ ၂၉ ရက်နေ့လည်းကျရော ကာက်စ်နဲ့သူ လီနော့စ်ရိပ်သာလမ်းက ဂူးလ်ဂါ့သ်ကုန်တိုက်ကြီးသွားပြီး လက်စွပ်တစ်ကွင်းကို တစ်ဒေါ်လာခွဲ ပေးဝယ်ခဲ့ကြ

www.burmeseclassic.com



တယ်။ အဲဒီနောက် ဘုရားရှိခိုးကျောင်းလေးတစ်ကျောင်း ဝင်ပြီး ကျောင်းထိုင်ဘုန်းကြီးဆီမှာ သူတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ လျှောက်တယ်။ နောက်နေ့မှာ ဖေဖေ အလုပ်ဝင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရတာလေးနဲ့ ဝအောင်စား

သမီးဦးလေးမွေးတယ်ဆိုတဲ့ သတင်း ကြားရတဲ့အချိန်မှာ ဖေဖေက ကောင်ပတီဖိတ်ဒေသရောက်နေတယ်။ ကျွန်မရဲ့ အစ်မအကြီးဆုံး ဒွန်နာကို ၁၉၄၄ ခုနှစ်မှာ မွေးတယ်။ အဲဒီနှစ်မှာပဲ ဖေဖေ အလုပ်ကထွက်တယ်။ ၁၉၄၆ ခုနှစ်ကျတော့ ဂျင်းနက်ကို မွေးပါတယ်။ ၁၉၄၇ ခုနှစ်မှာ  မေမေ ကိုယ်လေးလက်ဝန်ရှိပြန်တယ်။

အဲဒီကိုယ်ဝန်ကတော့ ဗွန်လို့ခေါ်တဲ့ ကကီယသမီး ကျွန်မပါပဲ။ ကိုလံဘီယာ သာသနာပြုဆေးရုံမှာတက်နေတဲ့ မေမေ့ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ဘေးကို ဖေဖေရောက်လာတော့ သူက လေသံတိုးတိုးနဲ့ "အောင်မယ်၊ တက်စ်ရေ၊ ကလေးက ချစ်စရာလေးကွ၊ ပါးပေါ်မှာ အမှတ်ကလေးလည်းပါတယ်။ အမှတ်က မုန့်ဝိုင်းလေးနဲ့ တူတယ်ကွ" လို့ ပြောတယ်။ အဲဒီကစပြီး ကျွန်မလည်း မုန့်ဝိုင်းလေးလို့ နာမည်တွင်ခဲ့တာပါပဲ။

မေမေနဲ့ကျွန်မကို ဆေးရုံကနေ အိမ်ပြန်ခေါ်ရအောင်အလာ၊ လမ်းမှာဖြစ်ခဲ့တာတစ်ခုရှိတယ်။ အဲဒီအကြောင်းကို ဖေဖေလည်း ရေလည်အောင် ရှင်းမပြတတ်ဘူး။ ဒါကြောင့် ဖေဖေက "မုန့်ဝိုင်းလေး၊ မင်းနဲ့ ပတ်သက်လို့ ဖြစ်လာတာမှန်သမျှ ဘယ်တော့မဆို မျက်လှည့်ဆန်ဆန် ဖြစ်တတ်တယ်"လို့ ကျွန်မကို မကြာမကြာ ပြောတတ်တယ်။

အဲဒီနေ့က ဖေဖေ့အိတ်ထဲမှာ ဒေါ်လာ ၂၀ ပဲ ရှိတယ်။ "မုန့်ဝိုင်းလေး၊ လူဟာ ဆင်းရဲလာပြီဆိုရင် ကိုယ့်မှာ ငွေဘယ်လောက်ရှိတယ်ဆိုတာ တစ်ပြားတစ်ချပ်မှ မလွဲအောင် တိတိကျကျ သိတယ်ကွ" လို့ ဖေဖေက ရှင်းပြတယ်။ "ဆေးရုံကို လာရင်းနဲ့ လမ်းမှာ ကလေးအတွက် နွေးနွေးထွေးထွေးရှိအောင် တစ်ခုခု ဝယ်သွားရရင် ကောင်းမယ်လို့ ဖေဖေ တွေးမိတယ်။ ဒါနဲ့ ဆိုင်တစ်ဆိုင်ဝင်ပြီး စောင်ကလေးတစ်ထည် ဝယ်တယ်။ စောင်က ငါးဒေါ်လာကျတယ်။ ဟုတ်ပြီ၊ ဒါဆို ငါ့မှာ ၁၅ ဒေါ်လာ ကျန်သေးတယ်ပေါ့။

"ဆေးရုံရောက်လို့ မိန်းမကိုခေါ်ရအောင် လာတယ်လည်း ပြောရော ဆေးရုံက ဝိုင်းလုပ်တော့တာပဲ။ 'ဒေါ်လာ ၂၀ ပေးမှ ရှင့်မိန်းမနဲ့ကလေးကို ခေါ်လို့ရမယ်၊ မပေးရင် မခေါ်ရဘူး' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကျွန်တော့်မှာ ၁၅ ဒေါ်လာပဲရှိပါတယ်ဗျာဆိုပြီး သူ့ကိုကို ပြရအောင် အိတ်ထဲလည်းနှိုက်လိုက်ရော၊ ထွက်လာတော့ ဒေါ်လာ ၂၀ ဖြစ်နေတယ်။

“ကိုင်း ဒီ ၅ ဒေါ်လာက ဘယ်ကပိုလာရတာလဲ။ ငါလည်း မပြောတတ်ဘူး မုန့်ဝိုင်းလေးရေ။ ငါသိတာကတော့ ဒီပိုက်ဆံဟာ မရှိရာကနေ ရှိလာတာပဲ။ အဲဒီနေ့ကစပြီး ဒီကနေ့ထိ မင်းနဲ့ ပတ်သက်လာရင် တစ်နည်းမဟုတ်တစ်နည်း မျက်လှည့်ဆန်ဆန် ဖြစ်တတ်တယ်လို့ ဖေဖေ အတွေးပေါက်သွားတာပဲ”

ပုံပြင်လေးကိုကျွန်မသဘောကျလိုက်တာ။ ဒီပုံပြင်က ကျွန်မ ဘဝတစ်လျှောက်လုံး ခင်းကျင်းပြသရသမျှကို မိုးမစိုအောင် ထီးတစ်လက်လို မိုးကာပေးခဲ့တယ်။ ဒီပုံပြင်ကပဲ ကျွန်မအတွက် အဆောင်ကောင်းတစ်ခု ဖြစ်လာပြီး ကျွန်မမှာ ထူးခြားချက် ရှိတယ်ဆိုတဲ့ အယူအဆ ခိုင်မာအောင် လုပ်ပေးတယ်။ ကျွန်မကို စွန့်ရဲတဲ့သတ္တိရှိအောင်၊ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်တတ်အောင်လည်း လုပ်ပေးပါတယ်။

ဖေဖေ့ရဲ့ ဦးစားပေးကိစ္စတွေကတော့ ရှင်းတယ်။ မိသားစု အရေးက အမြဲတမ်း ရှေ့ကလာတယ်။ သူ အိမ်ထောင်ကျခါစ စောစောပိုင်း တွေ့ရတဲ့ အတွေ့အကြုံတွေကလည်း သူ့လောက် ခံနိုင်ရည်မရှိတဲ့လူဆိုရင် ကယောင်ချောက်ချားဖြစ်ပြီး ချာချာ လည်သွားလောက်တယ်။ ဒွန်နာက ငါးနှစ်၊ ဂျင်းနက်က လေးနှစ်၊ ကျွန်မက နှစ်ခါလည် မရှိတရှိလောက်မှာ တစ်နေ့ ဖေဖေ အိမ်ပြန်ရောက်တော့ မေမေ့မျက်နှာကြည့်ရတာ သုန်မှုန်တင်းမာ နေတာ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



“တက်စ်၊ နှုတ်ခမ်းကြီးစူလို့ ဘယ်လိုဖြစ်နေတာလဲကွ” လို့ ဖေဖေက မေးတယ်။ မေမေက ခပ်တိုးတိုး ပြန်ပြောတယ်။

“ရှင်မကြားဘူးလား၊ ဒွန်နာ့အရွယ်နဲ့ မတိမ်းမယိမ်းလောက်ပဲရှိတဲ့ ကလေးမလေးတစ်ယောက် ညတုန်းက အိမ်အပြင်ဘက်မှာ မတော်မတရားအလုပ်ခံရလို့တဲ့”

မီးဖိုချောင်ထဲကစားပွဲမှာ ဖေဖေ လေးလေးပင်ပင် ထိုင်ချလိုက်တယ်။ ခေါင်းကိုလည်း လက်နှစ်ဖက်နဲ့ ထောက်ထားတယ်။ ခေါင်းပြန်မော့လိုက်တဲ့အချိန်မှာ သူက မေမေ့ကို ပစ္စည်းတွေထုပ်ပိုးဖို့ ပြောတယ်။ သူတို့ ဒီမြို့ကနေ ပြောင်းကြမယ်တဲ့။

“တက်စ်ရေ၊ ကိုယ့်ကလေးတွေကို ဒီမြို့မှာ ကြီးတဲ့အထိ ထားလို့ မဖြစ်တော့ဘူး၊ ကြိုက်ကြိုက်မကြိုက်ကြိုက် ကိုယ်တော့ လောင်းဘရန့်ချ်နယ်ဘက် ပြောင်းကြမှ ဖြစ်မယ်”

ပြောင်းရွှေ့ပြီးတဲ့နောက် ဖေဖေဟာ မြို့အပြင်ဘက်မှာတပ်စွဲထားတဲ့ မွန်းမောက်ခံတပ်မှာ အလုပ်အကိုင်တစ်ခုရအောင် အရင်ရှာပါတယ်။ မြေကျင်းတူးတဲ့ လုပ်ခလေးတစ်ခုပဲ ရစရာရှိတာမို့ အရာရှိတွေရဲ့ ကားတွေကို အရောင်တင် တိုက်ချွတ်ပေးပါရစေဆိုပြီး အလုပ်တောင်းတယ်။ အလုပ်အားရက်တွေမှာလည်း သူတို့ အိမ်ပြတင်းတံခါးတွေ ဆေးကြောပေး၊ ကြမ်းခင်းတွေ အရောင်တင် တိုက်ချွတ်ပေးတယ်။ တခြားဗဟိုရအလုပ်တစ်ခု၊ ပြစရာပြင်စရာ အလုပ်တစ်ခု ရှိတယ် ကြားရင် ကြားတာနဲ့ “ဟုတ်ကဲ့၊ ဖြစ်ပါတယ်၊ ကျွန်တော် အလုပ်ပြီးတာနဲ့ ချက်ချင်းလာလုပ်ပေးပါမယ်” လို့ မဆိုင်းမတွ ပြောတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေပင်ပင်ပန်းပန်း ဘယ်လောက်ပဲလုပ်လုပ် အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေးနေ့လောက်ရောက်တာနဲ့ အိမ်အတွက် ဖေဖေ့ ရှာဖွေစာ ပိုက်ဆံတွေဟာ သုံးလို့ကုန်ပြီ”

“ဘယ်တွေရောက်ကုန်တယ်ဆိုတာ ကျွန်မ လာမမေးနဲ့”

မေမေက ဖေဖေ့ကို ဟန့်တယ်။

“ရှင်က ဒီထက်ပိုစစ်စီနိုင်မယ်ထင်ရင် ကိုယ့်ဘာသာ ဈေးထွက်ဝယ်ပေါ့”

“အေး…ငွေကို ဒီထက်ပိုပြီး အသုံးခံအောင် ငါလုပ်ပြမယ်”

လို့ ဖေဖေက ပြောလိုက်တယ်၊ အဲဒီအချိန်ကစပြီး တောက်လျှောက် သူပဲ ဈေးဝယ်ထွက်တယ်။ နေ့တစ်ပတ်လည်ကြာနေတဲ့ ပေါင်မုန့်ကို ဈေးပေါပေါနဲ့ဝယ်တယ်။ သားဈေးငါးဈေးထဲ ရောက်တော့လည်း လျှော့ဈေးနဲ့ရောင်းတဲ့ အသားတုံး ငါးတုံးတို့၊ ဆိုင်ကျန် တန်းလန်းဆွဲထားတဲ့ ကြက်သားတို့လိုဟာမျိုးမှ ရွေးဝယ်တယ်။

ဖေဖေက အရိုအရွဲစတွေကို ပါးပါးလှီးထုတ်ပြီး အတုံးကလေးတွေ ညီညီညာညာတုံးတယ်။ ဟင်းကိုင်နေရင်းလည်း မားကိုမြောက်လျက်သား မကြာခဏ ရပ်ထားပြီး ခုလို ကျီစယ်တယ်။ “ဒီအရွက်စိမ်းစိမ်းတွေတော့ ဖယ်မပစ်ဘဲ ထည့်ချက်မှ ဖြစ်မှာပါ။ အဲဒီအရွက်စိမ်းတွေထဲမှာပါတဲ့ ပင်နင်စလင်က မင်းတို့ ကျန်းမာရေးအတွက် ကောင်းတယ်ကွ” တဲ့။

ကလေးတွေဖြစ်တဲ့ကျွန်မတို့ကတော့ဖေဖေ ကြိုးစားပမ်းစား ချက်ပြုတ်လုပ်ကိုင်နေတာကို အားရကျေနပ်နေကြတာပဲ။ ပြီးတော့ စားပွဲပေါ် ထမင်းပွဲဟင်းပွဲ ရောက်လာဖို့ကိစ္စဟာ အတော် ရုန်းကန်အားထုတ်ရပါလား ဆိုတာလည်း သဘောပေါက်ကြရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ည ကျွန်မတို့တွေ ဝက်သားဟင်းနဲ့ စားသောက်နေကြတုန်းမှာ အိမ်တံခါးခေါက်သံ ကြားရတယ်။ ကျွန်မထက်အကြီးဖြစ်တဲ့ ဂျင်းနက်က သုတ်ခနဲတံခါးပေါက်ဝ သွားရပ်ပြီး ဧည့်သည်ကို “ဝက်သားဟင်းစားချင်ရင် ကိုယ့်အိမ်ကိုယ်ပြန်ပြီး ကိုယ့်ဘာသာချက်စား” လို့ ခပ်ပြတ်ပြတ် ပြောချလိုက်တယ်။

ဂျင်းနက်ကတော့ ဒီအတိုင်းပါပဲ။ မပြောင်းလဲဘူး။ သူက စိတ်မာတယ်။ သူ့ပုန်မ၊ သမီးဦး ဒွန်နာက စိတ်ပျော့တယ်။ ကျွန်မအောက်က လင်ဒါနဲ့ ရီတာတို့ နှစ်ယောက်က ပုံသွင်းသလို ရပြီး သင်လွယ် တတ်လွယ်တယ်။ အလတ်ဖြစ်တဲ့ ကျွန်မကတော့ သူများချစ်တာ ခံတာ ခံချင်တယ်။ အလိုက်အထိုက်ပဲ နေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အိုးကိုယ့်အိမ်

ဒွန်နာကလွဲရင် ကျွန်မတို့အားလုံးရဲ့ နာမည်တွေက အရင်က ထင်ပေါ်ပြီးသား နာမည်တွေကို အစွဲပြုပြီးမှည့်ထားကြတာပါ။ ဂျင်းနက်မယ်ဒေါ်နယ်လ်၊ ရီတာဟေးဝပ်နဲ့ လင်ဒါဒါးနဲလ်တို့ဆိုတာ အဲဒီအချိန်က နာမည်ကြီးရုပ်ရှင်မင်းသမီးတွေပေါ့။ ဒွန်လို့ခေါ်တဲ့ ကျွန်မ နာမည်ကတော့ နာမည်ကျော် ဒိုင်ယွန်ငါးမြွာပူးထဲက တစ်ယောက်ရဲ့ နာမည်ပါ။ လူတစ်သန်းမှာတစ်ယောက်ငါးမြွာပူးမွေးဖို့ဆိုတာ ဖြစ်တောင့်ဖြစ်ခဲမဟုတ်လား။ ဒီအတိုင်းပါပဲ။ ကျွန်မတို့ညီအစ်မ ငါးယောက်လည်း နာမည်လေးတွေက

www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့ပြေပြစ်သလောက် ဒီလောကကြီးထဲမှာ ဘယ်ကိစ္စမဆို ချောမွေ့ပြေပြစ်ဖို့ကျတော့ ဖြစ်တောင့်ဖြစ်ခဲချည်းပါပဲ။

ဖေဖေက မကောင်းမြင်တဲ့ဘက်မှာ ဘယ်တုန်းကမှမနေဘူး။ အခြေအနေအရ လုပ်လို့မဖြစ်နိုင်တာတွေနဲ့ ကျွန်မကို ကြုံလာရင် ဖြစ်အောင်လုပ်ဖို့ အမြဲအားပေးတယ်။ ကျွန်မ ကျောင်းစတက်တဲ့ အချိန်တုန်းကဆိုရင် ဖေဖေက ကျွန်မကို ‘ယုန်ကိုအမီလိုက်’ ဆိုပြီး လေးလေးနက်နက်မှာတယ်။ သူက အမဲလိုက်ခွေးကြီးတွေရဲ့ အပြေးပြိုင်ပွဲအကြောင်း ရှင်းပြတယ်။ ခွေးတွေက ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ပြေးမှာပေါ့တဲ့။ ဘာပြုလို့လည်းဆိုတော့ သူတို့ပြေးလမ်းပေါ်မှာ ရှေ့ကနေ ယုန်ကို ကြိုလွှတ်ပေးထားတော့ အဲဒီယုန်ကို မမီမီအောင် ပြေးလမ်းအတိုင်း ပတ်လိုက်နေရတာကိုး။ ကျွန်မတို့ကို ဖေဖေ လုပ်စေချင်တာကလည်း ဒါပါပဲ။ ပထမရဖို့ ဆိုရင် ကျွန်မတို့ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ကြိုးစားပြီးတော့ သာ သင်ကြ။

ဖေဖေပြောတာမှန်တယ်။ ကျောင်းမှာ ပက်ထရစ်ရှာဆိုတဲ့ ကောင်မလေးတစ်ယောက်က ကျွန်မအမီလိုက်ရမယ့်ယုန် ဖြစ်လာတယ်။ သူရတဲ့အဆင့်မှတ်တွေ ဘယ်လောက်ကောင်းကောင်း၊ ကျွန်မက အဲဒီအဆင့်မှတ်ကို မမီမီအောင် လိုက်ကြိုးစားတယ်။ တစ်ခါတစ်လေများ ကျွန်မကြိုးစားတဲ့အရှိန်ကသူ့ကို ကျော်ပြီးတော့ ကောင် တက်သွားလိုက်သေးတယ်။

ဖေဖေ့စိတ်ထဲမှာက ကျွန်မတို့ညီအစ်မတွေ ပညာကောင်း ကောင်း သင်ရဖို့တစ်ခုပဲ စွဲထားတာ။ ဒါကြောင့်မို့ ‘လဒ်ဒို’ လမ်းပေါ်မှာ အခွန်ဌာနက လေလံပစ်တဲ့ မြေကလေးတစ်ကွက်ကို

www.burmeseclassic.com



ဒေါ်လာ ၂၀၀ ပေးပြီး ဝယ်ဖြစ်အောင်ဝယ်ကတယ်။ သူ့စိတ်ကူးကတော့ အဲဒီ 'လဒ်လို' လမ်းမှာ အိမ်တစ်လုံးဆောက်မယ်ပေါ့။ ဒါမှ သူ့သမီးတွေ မြို့ထဲက ကျောင်းကောင်းကောင်းမှာ တက်နိုင်မယ်၊ စာကောင်းကောင်းသင်ရတော့ ဆရာဝန်မကြီးတွေ ဖြစ်လာမယ်ပေါ့။

အိမ်ဆောက်တော့လည်း သူ့တစ်ယောက်တည်း ဆောက်တာ။ မြေအောက်ခန်းအတွက် ကျင်းတူးတာတစ်ခုပဲ အလေးအပင် ကိရိယာတွေနဲ့ အငှားလိုက်တဲ့လူတစ်ယောက်ကို မငှားမဖြစ်လို့ ငှားရတယ်။

အလုပ်လုပ်ရင်း ငွေပိုငွေလျှံလေးတွေ ရလာတဲ့အခါတိုင်း ဖေဖေက အင်္ဂတေအုတ် ၁၀ လုံး၊ အလုံး ၂၀ ဆိုသလို ဝယ်ဝယ်လာတယ်။ အိမ် အုတ်မြစ်ချပြီး အုတ်စစီတော့ ဖေဖေက ပန်းရန်ဆရာ။ မေမေက အုတ်သယ်၊ မဆလာသယ်ပေါ့။

တစ်နေ့တော့ အိမ်ဆောက်ပစ္စည်းဆိုင်ရှင်တစ်ယောက်နဲ့ စကားစမြည်ပြောရင်း ဖေဖေက အိမ်တစ်လုံးဖြစ်အောင် သူ ဘယ်လို ကြိုးစားပမ်းစား ဆောက်နေရတဲ့အကြောင်း ရှင်းပြတယ်။ ဆိုင်ပိုင်ရှင်က တအံ့တသြဖြစ်ပြီး ...

"မင်းအသက်အရွယ် လူငယ်တွေ တွေ့ဖူးတာ များလှပါပြီကွာ၊ ဒီစကားမျိုးပြောတာ မင်းတစ်ယောက်ဆီကပဲ ကြားဖူးတယ်။ ကိုင်း ဒီတော့ မင်းကို ငါပြောမယ်။ ငါ့ဆိုင်ကပစ္စည်း မင်းလိုတာရှိရင် ဘာမဆို ယူသုံး၊ ပစ္စည်းဖိုးကို မင်း အိမ်ဆောက်ပြီးမှပေး၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အင်္ဂတေကော့ုး ၄၀၀ နဲ့ သဲအိတ်၊ ဘိလပ်မြေအိတ်တွေ မှာလိုက်တော့ ငွေတောင်းခံလွှာမပါဘဲ ပစ္စည်းတွေ ရောက်လာတယ်။ ဖေဖေကလည်း နောက်ထပ် ၅၀၀ ထပ်မှာတယ်။ အိမ်လည်း သူ့ပတ်ပတ်လည်မှာ မြင့်မြင့်တက်လာတယ်။ နောက်လေးနှစ်အကြာမှာ ကျွန်မတို့ အိမ်သစ်ပေါ် တက်ခဲ့ကြပါတယ်။

အိမ်ပြောင်းကြတုန်းက လေမှုတ်တူရိယာဆက်ဆိုဖုန်း အနီလေး တစ်လက်ကို ကျွန်မ မှတ်မိနေတယ်။ အဲဒါလေးက ဒွန်နာ ဝယ်စားတဲ့ မုန့်ကြွပ်ပုံးထဲမှာပါလာတဲ့ လက်ဆောင်ပစ္စည်းကလေးပါ။ မေမေက ဆက်ဆိုဖုန်းကလေးကို သေသေချာချာထုပ်ပိုးရင်း "ဒါလေးတော့ မပျောက်အောင် သိမ်းရမယ်" လို့ ပြောတယ်။ မေမေ့ကြည့်ရတာ ဒီပစ္စည်းကို မိသားစု အထွက်အမြတ်ထားရမယ့် အဆောင်ကောင်းတစ်ခုလို့ ကြိုမြင်ထားတဲ့အတိုင်းပဲ။

ဖေဖေက ဆက်ဆိုဖုန်းအဟောင်းတစ်လက်ကို ၂၅ဒေါ်လာနဲ့ ရလာတယ်။ တစ်လကို ၅ ဒေါ်လာ အရစ်ကျသွင်းရမယ်တဲ့။ သူက ဝယ်လာတယ်ဆိုပေမယ့် ဒါကို ဒွန်နာစိတ်မပါတော့ဘူးဆိုရင် ဝယ်လာတဲ့ဆီပြန်ပို့မယ်လို့ ပိုင်းဖြတ်ထားတယ်။ ဒါပေမယ့် ဒွန်နာက တစ်နေ့ထက်တစ်နေ့ ဆက်ဆိုဖုန်းမှုတ်တဲ့ဘက်မှာ စွဲစွဲမြဲမြဲဖြစ်လာတယ်။ ထွက်လာတဲ့အသံက အတော့်ကို နားဝင်ပီယံ မဖြစ်တော့ 'ဆဗွိုင်း' ကပွဲခန်းမက ကောင်းပေ့ဆိုတဲ့ ဂီတအဖွဲ့ကို မေ့မရနိုင်သလို သူတို့ကိုယ်တိုင်ကလည်းဂီတနားရှိကြသူတွေမို့ ဖေဖေနဲ့ မေမေ့စိတ်ထဲမှာ သူ့ကို သင်ခန်းစာနဲ့ဘာနဲ့ကျကျနန သင်မပေးရင် သက်သက်မဲ့ အရူးထပြီး ကလေးကို လျှောက်မှုတ်ခိုင်းသလို ဖြစ်နေမယ်ဆိုတာ သဘောပေါက်လာတယ်။

ဒီလိုနဲ့ တစ်အိမ်လုံး ပတ်သက်ဖို့ အစပျိုးခဲ့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# သင်ရိုးနဲ့ လက်တွေ့

ဖေဖေက တနင်္ဂနွေနေ့တွေကျရင် သူ အလုပ်လုပ်လို့ ပြီးသွားတဲ့အချိန်မှာ တစ်ခါတစ်လေ ကျွန်မတို့ကို ကားနဲ့ တင်ခေါ်သွားပြီး လူတွေကို လက်ညှိုး ညွှန်ညွှန်ပြတတ်တယ်။ ကျွန်မတို့အနေနဲ့ တန်ဖိုးတွေ ခွဲခြားနားလည်တတ်အောင် ဖေဖေ လက်ဆင့်ကမ်းခဲ့တဲ့အထဲမှာ ဒါလည်း တစ်နည်းတစ်လမ်းပါတာပေါ့။

"ဟောဟိုက လူမည်းအမျိုးသမီးကြီးကို ကြည့်စမ်း၊ ဖိနပ်အစုတ်ကြီး စီးပြီး ညစ်ညစ်ပတ်ပတ်ရေတွေထဲ ကဗွမ်းဗွမ်းနဲ့ လျှောက်သွားနေတာ တွေ့လား။ သူ့ကြည့်ရတာ ပညာလည်း

www.burmeseclassic.com

www.burmeseclassic.com



တက်ပုံမရဘူး။ ဟုတ်တယ်နော်။ ဒါပေမယ့် အဲဒီမိန်းမကြီးကို ဆရာဝန်တစ်ယောက်လို ပြောင်းမြင်ကြည့်လိုက်စမ်း၊ ခြေကုန်လက်ပမ်းကျပြီး လျှောက်လာနေတဲ့ပုံမျိုး တွေ့ရလိမ့်မယ်။ ခြေကုန် လက်ပန်းကျနေမှာပေါ့။ သူ့ခမျာ ကလေးတစ်ယောက်အသက်ကို မရမကလုပြီး ကုဖို့ လုပ်နေရတာနဲ့ တစ်ညလုံး ပင်ပန်းလာတာကိုး။ ဟော ခုလိုဆိုတော့ သူ့ပုံစံ တစ်မျိုးပြောင်းမသွားဘူးလား။ ပြောင်းဆို မင်းတို့က သူ့ကို လေးစားတဲ့စိတ်နဲ့ ကြည့်လိုက်လို့ပေါ့”

မိန်းကလေးတွေဖြစ်တဲ့ ကျွန်မတို့ကို ဖေဖေပြောပြတဲ့ စကားတစ်ခွန်း ရှိသေးတယ်။

“မင်း ပိုင်ဆိုင်ထားတာက လှတာ ချောတာ တစ်ခုပဲရှိမယ်ဆိုရင် တစ်ချိန်ကျတော့ မင်းမျက်လုံးအောက်ကနေ မျက်ခွံကြီးတွေ တွဲကျလာလိမ့်မယ်။ အဲဒီအခါ မင်းအလုပ်ရှင်သူဌေးက မင်းကို ဘေးချိတ်ပြီး ငယ်ငယ်ရွယ်ရွယ်လေးတစ်ယောက်ရှာမှာပဲ။ ဒါပေမယ့် မင်းပိုင်ဆိုင်အောင် လုပ်ထားတဲ့ဟာက မင်းခေါင်းထဲမှာ ရှိနေမယ်ဆိုရင်တော့ အဲဒီအရာကို မင်းဆီကနေ ဘယ်သူမှ တခြားယူသွားလို့မရဘူး။ တစ်ယောက်မှယူလို့မရဘူး။ တစ်သက်လုံးမရဘူး”

တစ်ခါတလေ ကျွန်မတို့ကို ဖေဖေဆုံးမသွန်သင်နေတုန်းမှာ ဂျင်းနက်က သူနဲ့မဆိုင်သလို ခပ်ဖယ်ဖယ်လုပ်ချင်တယ်။ အဲဒီလို သူ မာကျောကျောလုပ်လာပြီဆိုရင် ဖေဖေက ပြောရော။

“သွား၊ စာထည့်ပုံးထဲ နင်သွားကြည့်၊ အထဲမှာ နင်စားဖို့ ထမင်းစရိတ်နဲ့ နင်နင်းလို့အမွေးတုံးသွားတဲ့ ဒီအိမ်ထဲက ကော်ဇော

www.burmeseclassic.com



တွေ လဲဖို့ စရိုက် ထည့်ရေးပေးထားတဲ့ ချက်လက်မှတ်တစ်စောင် ရှိသလားလို့ သွားရှာချည်။ တွေ့ရင် ငါ့ဆီယူခဲ့။ အဲဒီချက်လက်မှတ်ပေါ်မှာ သူ့နာမည်လက်မှတ်ထိုးထားတဲ့လူက ခင်ဗျားကလေးတွေကို ဘယ်လို မွေးပါ၊ ဘယ်လို မြေတောင်မြှောက်ပေးပါလို့ ပြောရင် အဲဒီလူစကားကို ငါ နားထောင်လိုက်မယ်”

ဖေဖေ အမုန်းဆုံးကတော့ လူ့သတင်းလူချင်းဆောင်သလို ကျွန်မတို့ဆီ သူများတကာက သတင်းသယ်သယ်လာတဲ့ကိစ္စပဲ။ ကျွန်မတို့က လူမည်းတွေဖြစ်လို့ မတန်မရာမှန်းပြီး စိတ်ကူးမယဉ်သင့်တာကို၊ နေရာတကာ လျှောက်မသွားသင့်တာကို၊ စာသင်ဖို့ ဒီလောက် လုံးပမ်းနေစရာမလိုပါဘူး။ အိမ်တစ်အိမ်ပြောင်အောင် ဆေးဖို့၊ ကျင်းတစ်ကျင်းတူးဖို့တောင် ဘယ်လောက် အဖြစ်ရှိအောင် တတ်သေးလို့လည်း ဆိုတာကို့တွေပေါ့။

“သတင်းလိုလိုနဲ့ အတင်းအဖျင်းတွေ ရောနှောလာတာမျိုးတော့ ဘယ်သူပဲဖြစ်ဖြစ် ကျုပ် လက်မခံဘူး” လို့ ဖေဖေက မေမေကို ပြောတယ်။ “သူတို့ညီအစ်မ ငါးယောက်တောင်ရှိတာပဲဟာ၊ သူတို့အချင်းချင်းပဲ ကစားကြပစေ။ ဘာကိစ္စ အိမ်အပြင်ထွက်ရမှာလဲ” ဆိုပြီးတော့လည်း ကန့်ကွက်တတ်တယ်။ သူက ကျွန်မတို့ကို ကိုယ့်ညီအစ်မအချင်းချင်းပဲ တစ်ယောက်ကိုတစ်ယောက် ကူညီကြ၊ အဖော်လုပ်ကြစေချင်တယ်။ ဖေဖေ အထပ်ထပ်အခါခါ ပြောဖူးတဲ့စကားရှိတယ်။

“ကိုယ်တွေသာ စုစုစည်းစည်းရှိကြရင် ဒီမိသားစု မလုပ်နိုင်တာ ဆိုလို့ ဘာတစ်ခုမှ မရှိစေရဘူးကွ”

www.burmeseclassic.com

www.burmeseclassic.com



ဒွန်နာရဲ့ ဂီတဂါသနာကိုအရင်းအနှီးလုပ် မတည်ပြီးကျန်တဲ့ ကျွန်မတို့အားလုံးကိုလည်း တီးတက်မှုတ်တက်အောင်လုပ်ကြဖို့ ဖေဖေက တိုက်တွန်းအားပေးပါတော့တယ်။ ဒါက မိသားစု သီးသီးသန့်သန့်ဖြစ်အောင် ကျွန်မတို့ဝိုင်းခဲ့ဝန်းခဲ့ကြရတဲ့ နောက်ထပ် ဂေစုတစ်စု ဆိုပါတော့။ ကျွန်မကတော့ ကူရိယာပစ္စည်း တစ်ခု တီးမှုတ်နေလိုက်ရင် မိဘတွေ ကိုယ့်ကို အာရုံစိုက်တာ တစ်နည်းတော့ သက်သာတယ်လို့ပဲ သဘောထားတယ်။ ဒွန်နာ က တဖြည်းဖြည်းတိုးတက်လာတော့ အရွယ်အစားလည်းကြီး၊ အသံအားလည်းကောင်းတဲ့ တင်နာဆက်စ်တစ်လက် လိုချင်လာ တယ်။ နောက်ပိုက်ဆုံး သူ့ဖို့တစ်လက် ဝယ်ပေးမယ်လို့ ဖေဖေ စီစဉ်တဲ့အချိန်မှာ ကျွန်မက အော်လ်တိုဆက်စ်အဟောင်းကို ကျွန်မ မှုတ်ချင်တယ်လို့ ပူဆာတယ်။

"ဟဲ့… မုန့်ဝိုင်းလေးရဲ့၊ မင်းက မှုတ်မလို့၊ ဟုတ်လား။ ဘယ်ဖြစ်မလဲ၊ သမီးက ခုမှ ငါးနှစ်ပဲရှိသေးတာ၊ ဘယ်လိုလုပ် အသက်ရှူမလဲ။ အဲဒီခရာထဲက အသံထွက်လာအောင် ဒီအတိုင်းပဲ မှုတ်ကြည့်စမ်းပါဦး"

"သမီးမှုတ်နိုင်ပါတယ် ဖေကြီးရဲ့၊ ဒီမှာကြည့် သမီး မှုတ်ပြမယ်"

ဆက်ဆိုဖုန်းက ကျွန်မအတွက်တော့ လေးလွန်းလို့ လက်ထဲ ကိုင်ပြီး မမှုတ်နိုင်ပါဘူး။ ဒါပေမဲ့ ကုလားထိုင်ပေါ်ကနေ လှမ်း ဆုပ်ပြီး ကျွန်မ မှုတ်ကြည့်တယ်။ အားပြင်းပြင်းစိုက်ပြီး မှုတ် လိုက်တော့ အသံထွက်လာတယ်။ အသံထွက်တာလည်းတွေ့ရော ဖေဖေက ဟုတ်ပြီ ဆိုပြီး ကျွန်မကို မှုတ်ခွင့်ပေးလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်လည်း သင်တန်းလေး ဘာလေးပေးဖို့ ဖေဖေ့မှာ နည်းလမ်းရှာရတော့တယ်။

အောလ်ကိုဆက်စ်ကို ကျွန်မ ကောင်းကောင်းမှုတ်နိုင်လာတယ် ဆိုရင်ပဲ ဒွန်နာရယ်၊ ဂျင်းနက်ရယ်၊ ကျွန်မရယ် ညီအစ်မသုံးယောက် ဂိုင်းဖွဲ့ပြီး တီးကြမှုတ်ကြတယ်။ "ဘယ်ဆိုးလို့လဲဗျ" လို့ ဖေဖေ့ကို ပြောတဲ့လူက ပြောတယ်။

"ကလေးမလေးတွေ တီးမှုတ်နေကြတာလို့ ထင်တောင် မထင်ရဘူး။ ဒါပေမယ့် သူ့တို့ကို စည်းဝါး အဖြက်အတောက် ကလေးတွေတော့ လုပ်ပေးဖို့လိုမယ်"

ဒါကို ဖေဖေက တွေးပြီးသား။ "လင်ဒါက ခုဆို ငါးနှစ်ရှိပြီ။ ဒီကောင်မက ပစ္စည်းတွေ့ရင် ထုချင်ရိုက်ချင်တယ်။ ဒီတော့ သူ့ကို ဒရမ်တီးခိုင်းရရင်ကောင်းမယ်" လို့ ဖေဖေကစဉ်းစားမိတယ်။

ကျွန်မတို့မိသားစုလေးထဲမှာ တစ်ယောက်ချင်းသင်ကြ၊ ဂီတလေ့ကျင့်ကြနဲ့ ဖြစ်လာတယ်။ ဒါကို ကျွန်မတို့ကိုယ်တိုင်ကလည်း သဘောကျတယ်။ ဒီလို ဂီတပညာဆည်းပူးနေကြတာဟာ တစ်နေ့ကျရင် ကျွန်မတို့ ဆရာဝန်ဖြစ်အောင်သွားရမယ့် လမ်းကြောင်းပေါ်မှာ လမ်းဖြက်သန်းခ ဂိတ်ကြေးတွေ ပေးဆောင်နိုင်လာလိမ့်မယ်လို့ ဖေဖေတစ်ယောက် ကြိုပြီးတော့များ မြင်ထားခဲ့လေရော့သလား။

ကျွန်မအထင်တော့ ဖေဖေဟာကိုယ်မရောက်ဖူး၊ မပေါက်ဖူးတဲ့ ရေမြေ ဒေသတစ်ခုစီ ရောက်သွားတဲ့ ရော်ဘင်ဆင်ကရူးဆိုးလို အဖြစ်မျိုးနဲ့ တိုးနေတာပါပဲ။ ရော်ဘင်ဆင်ကရူးဆိုးကသူ ရောက်သွားတဲ့ ကျွန်းပေါ်မှာ လက်ထဲရောက်လာတဲ့ဟာနဲ့ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် အထောက်အကူဖြစ်အောင် လုပ်ခဲ့သလို ဖေဖေလည်း စမ်းတဝါးဝါးနဲ့ပေမယ့် ယတြိပြက်ဆုံးဖြက်ရှာဖွေပြီး ကျွန်မကို ဘဝကို ကျွန်မကို ကောင်းသည်ထက်ကောင်းအောင် တည် ဆောက်သွားနိုင်ဖို့ လက်နက်ကိရိယာတွေ တပ်ဆင်ပေးတဲ့နေရာ မှာ အထောက်အကူဖြစ်အောင် သုံးခဲ့တာပါပဲ။

www.burmeseclassic.com

# နောက်တိုးညီမလေးတစ်ယောက်

၁၉၆၁ ခုနှစ်မှာ ကျွန်မတို့မိသားစု တစ်သိုက်ကြီးထဲကို နောက်တစ်ယောက် ထပ်တိုးလာပါတယ်။ အဲဒါကတော့ ကျွန်မတို့ရဲ့ ဘွားဘွားကြီး ဆုံးသွားပြီးတဲ့နောက် ဖြစ်လာခဲ့တာပါ။ ဘွားဘွားကြီးက ဘက်တီဆိုတဲ့ ကလေးမလေးကို မိသားစုထဲက ဆက်စောင့်ရှောက်မယ့်လူအတွက်လည်း စနစ်တကျအစီစီစဉ် လုပ်ပေးထားခဲ့တယ်။ အဒေါ်တွေ ဦးလေးတွေကတော့ ဘက်တီ့ကို စောင့်ရှောက်ချင်တဲ့အကြောင်း ပြောကြပါရဲ့။ ဒါပေမယ့် သူတို့ဆီရောက်ရင် ဘက်တီ့ကို အိမ်မှာ လက်ကိုလက်ထောင်း

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းဖို့၊ ကလေးထိန်းဖို့လောက်ပဲသဘောထားကြမယ်ဆိုတာ ဖေဖေသိတယ်။ ဒါကြောင့်မို့ ဖေဖေက သူ မွေးမယ်လို့ ပြောလိုက်တယ်။

အုပ်ထိန်းခွင့်ရဖို့ စုံစမ်းရေးတာဝန်ခံက "မစ္စတာသွန်တင်ရယ်၊ ရှင့်မှာ ခုပဲ ကလေးငါးယောက်ရှိနေတဲ့ဥစ္စာ" လို့ ပြောပါတယ်။

"ဟုတ်ပါတယ်" ဖေဖေက ပြန်ပြောတယ်။

"ခင်ဗျား ကျွန်တော့်သမီးတွေကို ကြည့်ပါ၊ နေပုံထိုင်ပုံအချိုးမကျတဲ့သူတွေ့သလား။ မတွေ့ဘူးမဟုတ်လား။ နောက်ပြီးတော့ လူတွေကိုလည်း ကြည့်လိုက်ဦး၊ ကြည့်တော့သာ ဘာမှမဟုတ်ပေမယ့် ဒေါင်ဒေါင်မြည်အောင် ကျန်းမာတယ်နော"

ဖေဖေက နောက်မှ ကျွန်မတို့ကို ပြောပြတယ်။

"အဖေကြီးထင်တာကတော့ ဘက်တီ့ကို ကျောင်းပြန်ထားပေးချင်တယ်လို့ ပြောလိုက်တဲ့ အဖေ့စကားက အဲဒီ စုံစမ်းရေးတာဝန်ခံ အမျိုးသမီးကြီးရဲ့စိတ်ကို ပြက်သားအောင် လုပ်ပေးလိုက်တယ်ထင်တာပဲ။ ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့လေ၊ တစ်ရက်နှစ်ရက်နေတော့ သူက လှမ်းခေါ်ပြီး ပြောတယ်။ 'မစ္စတာသွန်တင်၊ ဘက်တီ့ကို ရှင်တို့အိမ်ပဲထည့်လိုက်ဖို့ ကျွန်မတို့ဆုံးဖြတ်ပြီးပါပြီ'တဲ့။ အဖေကလည်း 'ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ။ ခုဆို ကျွန်တော် သမီးခြောက်ယောက်အဖေဖြစ်သွားပြီပေါ့' လို့ သူ့ကို ပြန်ပြောခဲ့တယ်။

ကျွန်မတို့အိမ်ကို ဘက်တီရောက်လာတာနဲ့ ခရီးရောက်မဆိုက် ဖေဖေက သူ့ကို ကျွန်မတို့ကျောင်းရှိရာ ကားနဲ့မောင်း

www.burmeseclassic.com

www.burmeseclassic.com



ပို့တာပဲ။ ပြီးတော့ ပြောလိုက်သေးတယ်။

"ဘက်ကီဟာ ငါ့သမီးတွေထဲက သမီးတစ်ယောက်ဖြစ်သွားပြီ။ သူလည်း ကျောင်းတက်နေတာပဲ ငါမြင်ချင်တယ်"

ကျောင်းမှာတော့ အကိုက်အခဲပြောယူရမှာပဲလို့ ဖေဖေက ပြင်ထားတာ။ ဒါပေမယ့် ကျောင်းက တာဝန်ရှိပုဂ္ဂိုလ်က ဘက်ကီကို ကျောင်းအပ်လက်ခံဖို့မငြင်းဘူး။ ဝမ်းပန်းတသာ လက်ခံတယ်။

"စာသည့်တဲ့အတန်းတော့ မပို့ပါနဲ့ဗျာ" လို့ ဖေဖေက ပြောတယ်။ "ကျွန်တော့်အမေကတော့ ဘက်ကီကို ဆွံ့အနေတယ်လို့ သူ့တစ်သက်လုံး ပြောသွားတာပဲ။ ဒါပေမယ့် ဘက်ကီက ဆွံ့အနေတာမဟုတ်ပါဘူး။ ကျွန်တော့်မိန်းမရော၊ ကျွန်တော့်သမီးတွေပါ သူ့ကို စာလိုက်နိုင်အောင်ဝိုင်းကူကြမှာပါ"

အဲဒီအချိန်မှာ ကျွန်မတို့ ညီအစ်မတွေရဲ့ ဂီတလေ့ကျင့်ခန်းကလည်း ရုပ်လုံးပေါ်စပြုလာပါပြီ။ တစ်ညနေမှာ မိဘဆရာအသင်း အစည်းအဝေးတက်ပြီး ပြန်လာတဲ့ မေမေက အခမ်းအနားမှာ မိဘထဲကတစ်ယောက်ရဲ့ ကလေးက စန္ဒရားတီးပြီး ဖျော်ဖြေတဲ့အကြောင်း ပြန်ပြောပြတယ်။

"မင်းက သူတို့ကို ပြောလိုက်ပေါ့ကွ၊ နောက်အစည်းအဝေးပွဲကျရင် သွန်ငယ်လေးများအဖွဲ့က တီးမှုတ်ဖျော်ဖြေပါ့မယ်" လို့ ဖေဖေက ဝင်ပြောတယ်။

"သွန်ငယ်လေးများအဖွဲ့ဆိုတာ ဘာလဲဖေဖေ" ကျွန်မတို့က မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းတို့ပေါ့ကွ၊ မင်းတို့က 'သွန်တင်' မွေးထားတဲ့ သွန်ပေါက်စလေးတွေလေ။ သမီးတို့ 'ကြည်နူးစရာဆည်းဆာ' ဆိုတဲ့ သီချင်းရတယ်မဟုတ်လား။ မင်းတို့အမေကို တီးမှုတ်ပြသလို အစည်းအဝေးလာတဲ့ လူတွေကို ဧည့်ခံလိုက်ပေါ့ကွ"

လူဖြူတွေချည်းလိုလို တက်ရောက်ကြတဲ့ မိဘဆရာအသင်းဧည့်ပရိသတ်က 'ကြည်နူးစရာဆည်းဆာ' သီချင်းနဲ့ တည်တည်ငြိမ်ငြိမ် ဖျော်ဖြေတင်ဆက်တဲ့ ဂဂကစ်ကစ် လူမည်းကျောင်းသူမလေး လေးယောက်ကို အားပါးတရ လက်ခံကျုံပြန်ကြပါတယ်။ ချက်ချင်းပဲ မိဘဆရာအသင်းရန်ပုံငွေပွဲမှာ ကျွန်မတို့ ညီအစ်မတွေ ပါဝင်ဖျော်ဖြေဖို့ ကမ်းလှမ်းလာတယ်။ လင်ဒါက ဒရမ်တွေကို နောက်ခံစည်းချက်မှန်မှန် တီးခတ်ပေးနိုင်လာတာက တစ်ကြောင်း၊ မေမေကလည်း တစ်ပွဲနှစ်ပွဲမှာ ဝင်ကူပေးခဲ့တာနဲ့ ပေါင်းလိုက်တော့ 'သွန်ငယ်လေးများအဖွဲ့' ဟာ နာမည်ထောင်လို့ကောင်း၊ ကလို့ကောင်းတဲ့ ဂျက်ဇ်တီးဝိုင်းလေးတစ်ဝိုင်း ဖြစ်လာခဲ့ပါတယ်။

သွန်ငယ်လေးများက ရှာလို့ဖွေလို့ ပိုက်ဆံ ဘယ်လောက်ပဲရရ၊ ရလာသမျှ ပိုတယ်လျှံတယ်မရှိပါဘူး။ သင်တန်းကြေး၊ အဖွဲ့အတွက် ဂီတအစီအစဉ် ခွဲဝေချထားတဲ့စရိတ်၊ ကူရိယာပစ္စည်း ပြုပြင်ထိန်းသိမ်းရေးစရိတ်၊ ကျွန်မတို့စင်ပေါ်တက်ရင် ဝတ်ရမယ့် အဝတ်အစားတွေကို မေမေက ချုပ်ပေးတာ ဆိုတော့ ဝတ်စုံချုပ်ဖို့ ဝယ်ရခြမ်းရတဲ့ စရိတ်တွေထဲ ပါသွားတာက များပါတယ်။ ဒီတော့ ဖေဖေကတစ်ယောက်တည်း သူ့ကုံးစံအတိုင်း အလုပ်နှစ်ခု လုပ်နေရတုန်းပါပဲ။ တစ်ခုက မွန်းမောက်ခံတပ်မှာ ညသန်းခေါင်

www.burmeseclassic.com



ကနေ မနက်ရှစ်နာရီအထိ လုပ်ရတယ်။ နေ့ဘက်မှာတော့ အိမ်တွေမှာ အနွေးထောက်ရအောင်ထွန်းတဲ့ လောင်စာဆီ လှည့်ရောင်းတယ်။ သူ့မှာပြက်သားတဲ့ဆုံးပြတ်ချက်က ချုပြီးသား။ ဒီတော့သူ့ဘာသာ ကြိုးစားရုန်းတယ်။ ကျန်တဲ့ ကျွန်မတို့တစ်တွေကတော့ အမြဲတမ်း ရှေ့သို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ရေးကို တွေးလို့မြင်ယောင်

အဲဒီအချိန်လောက်မှာ ဖေဖေက တီးဝိုင်းကို အရင်းတိုက်ရဲ့ ဝင်ငွေရနေတာထက်သာအောင် တစ်နည်းတစ်ပုံ လမ်းကြောင်းပြောင်းဖို့စလုပ်တယ်။ကျွန်မတို့တွေ တီဗွီထဲမှာလာတဲ့ 'တက်ဒ်မက်နဲ့ ဂါသနာရှင်' ပျော်ပွဲကို နှစ်နဲ့ချီပြီး ကြည့်ခဲ့ဖူးပါတယ်။ အဲဒီပွဲမှာ ဝင်နွှဲကြတဲ့အထဲက အောင်မြင်သွားတဲ့သူဆိုရင် နေ့ချင်းညချင်း နာမည်ကြီးသွားတာပဲ။ အဲဒါမျိုးတွေ့ရင် ဖေဖေက ပြောပြီ။ "ဟော့... အဲဒါ ကိုပေါ့ကွ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အဲဒီကဏ္ဍမှာ 'သွန်ငယ်လေးများ' ပါဝင် တင် ဆက်ချင်ပါတယ်ဆိုတဲ့အကြောင်း ဂျင်းနက်ကို စာတစ်စောင် ရေးပို့ခိုင်းတယ်။ ကျွန်မတို့က ကိုယ့်ကိုယ်ကို 'သွန်တင်ညီအစ်မ များ' လို့ ရည်ညွှန်းပါရစေဆိုပြီး ဖေဖေ့ဆီ ခွင့်တောင်းတယ်။ ဘာပြုလို့လည်းဆိုတော့ ဒီနာမည်က ကြေးစားအဖွဲ့သံ ပိုပြီး ပေါက်တယ်လေ။ ကျွန်မတို့ အဲဒီကဏ္ဍမှာ ပါဝင်ခွင့်ရခဲ့တယ်။ ဟုန်းခနဲ ထပြီး နာမည်မကြီးခဲ့ပေမယ့် နာမည်သစ်တစ်လုံးတော့ ကျွန်မတို့ ရခဲ့ပါတယ်။

အဲဒီ'တက်ဒ်မက်နဲ့ ဂါသနာရှင်'ကဏ္ဍမှာ ပါဝင်ဖျော်ဖြေပြီး တစ်နှစ်လောက်ကြာတော့ ဖေဖေက ကျွန်မတို့ကို အပိုလိုဇာတ်ရုံ မှာဝင်ပြီး ဖျော်ဖြေနိုင်တဲ့အဆင့်ရောက်ပြီလို့ ဆုံးဖြတ်တယ်။ အပိုလိုဇာတ်ရုံဆိုတာ လူမည်းတွေအဖို့ ကမန်ကော်မွေးဖွားရာ အရပ်လို အထွတ်အမြတ်ထားရတဲ့နေရာပါ။

ပထမဦးဆုံးစဖျော်ဖြေတဲ့ညမှာပဲ ပွဲပြီးသွားတော့ အခမ်း အနားမှူးက စင်ပေါ်တက်ခဲ့တဲ့ အဖွဲ့သားအားလုံးကို ဖိတ်ခေါ်ပါ တယ်။ ပြီးတော့မှ အဖွဲ့သားတိုင်းရဲ့ လက်ထဲကို ဆုကြေးငွေ ၂၅ ဒေါ်လာတီ စာအိတ်နဲ့ထည့်ပြီး ကုံ့ပြန်ချီးမြှင့်ပါတယ်။ အဲဒီပွဲမှာ သွန်တင်ညီအစ်မများက သြဘာအပေးခံရဆုံး။ ကျွန်မတို့ အောင် မြင်ပြီ။ နောက်အပတ်မှာလည်း လာပြီး ဖျော်ဖြေလှည့်ပါဦးတဲ့။

၁၉၆၂ ခုနှစ်မှာ ဒွန်နာက အထက်တန်းကျောင်းအဆင့် ပြီးတယ်။ မိန်းမက ကျောင်းမှာလုပ်တဲ့ အကြီးတန်းကပွဲကို တက် ချင်လိုက်သမှ နန့်နန့်ကိုတက်နေတာပဲ။ ဒါပေမဲ့ သူ့ကိုယောကျ်ား ပျိုလေးနဲ့တွဲပြီး နှစ်ယောက်တည်း သွားတာမျိုးတော့ ခွင့်မပေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဒွန်နာ့အတွက် ညနေခင်း ပွဲတက်ဂါဝန်တစ်စုံ ချုပ်ခိုင်းတယ်။ ပြီးတော့ မွန်းမောက်ကပ်ရင်းက ရဲဘော်တစ်ယောက်ကို သူ့သမီးနောက် အစောင့်အရှောက်အဖြစ်နဲ့ လိုက်ပေးဖို့ အကူအညီ တောင်းတယ်။

ဒွန်နာ့မှာ ယောက်ျားပျိုတစ်ယောက်နဲ့ အပြင်ထွက်ရမယ့် အလားအလာလည်း ပေါ်လာရော ဖေဖေကလည်း သူ့စိတ်ထဲရှိတာတွေ မြိုသိပ်မထားနိုင်ဘဲ ထုတ်ပြောပါလေရော။

"အိမ်နီးနားချင်းတွေက သွန်တင့်သမီးပျိုလေးတွေ ပြဿနာဖြစ်လာမှာကို စောင့်ကြည့်နေကြတာကွ။ သူတို့လား မကြည့်ဘဲနေမှာ။ လူတွေက ခြင်းတောင်းထဲထည့်ထားတဲ့ ကဏန်းတွေနဲ့အတူတူပဲ။ အဲဒီအကြောင်း မင်းတို့ကို ငါ နည်းနည်းပြောပြမယ်။ ခြင်းတောင်းထဲ ကဏန်းတွေ ထည့်ထားကြည့်။ ဘာရည်ရွယ်ချက်မှမရှိဘဲ ခြင်းတောင်းကိုပတ်ပြီး တရွရွလျှောက်သွားနေကြလိမ့်မယ်။ အဲ... တစ်ကောင်ကောင်က ထပြီး ခြင်းတောင်း ပေါ်ရောက်အောင် တက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကြိုးစားမယ်ကော မကြဲလေနဲ့။ တစ်ခါတည်း ကျန်တဲ့ကဏန်းတွေက အတင်းအဓမ္မ ဝိုင်းအုံလာပြီး အဲဒီတက်မယ်လုပ်တဲ့အကောင်ကို အောက်ဆွဲချကြတော့တာပဲဟေ့"

ဖေဖေက ဆက်ပြောတယ်။

"အေး...လူတွေလည်းဒီအတိုင်းပဲ။ မင်းတို့တက်မယ်ကြံရင် အောက်ဆွဲချချင်တဲ့လူတွေ အမြဲရှိတယ်။ အဲဒါ လူ့သဘာဝ။ ကိုယ့်ဘက်က စီစဉ်ပြင်ဆင်ထားဖို့လိုတယ်။ ဒါမှ အဲဒီလိုဝိုင်းဆွဲတာ မခံရမှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ခေါင်းထဲမှာ သံမှိုစွဲသလို စွဲနေအောင် ဖေဖေ ရိုက်သွင်းခဲ့တာ တစ်ခုရှိသေးတယ်။ အဲဒါကတော့ မိန်းမသားတွေလည်း ဘာမဆို လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ပဲ။ ဒါပေမယ့် သတိပြုစရာတွေလည်း အများကြီး ပါပါတယ်။

“ကိုယ်ရလာတဲ့ အနေအထားကို လက်မခံချင်လို့တော့ မဖြစ်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဘုရားသခင်က မင်းတို့ကို ဒီနည်းအတိုင်း ဖန်ဆင်းခဲ့တာကိုး။ မိန်းမဆိုတာ သားသမီးမွေးရမယ်။ ယောကျ်ားတွေကတော့ ပြေးလွှားရှန်းကန်နေရမယ်။ ဒါက လောကမှာ ဖြစ်ပျက်နေကြတဲ့ သဘာဝဖြစ်စဉ်ပဲ။ ဒါကို မင်းတို့က ပြောင်းပစ်ချင်လို့ မရဘူး”

ထားပါလေ၊ ဖေဖေ ဘာတွေ ဘယ်လိုပဲဟောဟော၊ ကျွန်မတို့ မိန်းကလေးတစ်သိုက်ကတော့ ယောကျ်ားလေးတစ်ယောက်နဲ့ တွေ့ရတာ ဘယ်လိုများနေမလဲ မသိဘူးနော်ဆိုပြီး စိတ်ကူးယဉ်ပုံဖော်ကြည့်နေကြတယ်။ ဒွန်နာပြန်လာရင် ပထမဦးဆုံးအကြိမ်ရင်ဖိုစရာကောင်းလှတဲ့ ကပွဲအကြောင်း အသေးစိတ်ရှင်းပြတာကို ကြားချင်လွန်းလို့ ကျောင်းကပွဲကနေ အိမ်ပြန်ရောက်တဲ့အထိ စောင့်နေခဲ့ရတယ် ကျွန်မတို့မှာ မစောင့်နိုင်မအောင့်နိုင် ဖြစ်ခဲ့ရတယ်။

ပြောပါရစေတော့၊ ကျွန်မတို့ဖြင့် ဖေဖေ့ကို သတိတောင် မထားမိတော့ဘူး။ ဟော… ဒွန်နာပြန်လာပြီ။ သူနဲ့ချိန်းတဲ့ အမျိုးသားရယ်၊ အစောင့်လိုက်တဲ့လူရယ် အိမ်ရှေ့စကြိန်အဝလည်း ရောက်ရော ဖျတ်ခနဲ အိမ်ရှေ့မီး လင်းလာတယ်။ လားလား၊ ဖေဖေရယ်… လက်ရှေ့သမားဝတ်တဲ့ ဘောင်းဘီတိုနဲ့ မားမားကြီး ရပ်လို့။

www.burmeseclassic.com



ဒွန်နာတစ်ယောက်ကော့ နှုတ်ဆက်အနမ်းလေးဘာလေး ခံရဖို့များ ဝေးပါသေးရဲ့။

အဲဒီအချိန်မှာ ကျွန်မက အထက်တန်းကျောင်းကိုစပြောင်းရ တဲ့ ပထမဦးဆုံးနှစ်။ ကျောင်းရောက်ပြီးတဲ့နောက် ကျွန်မကိုယ် ကျွန်မ ဆရာဝန်ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်က ပိုပြီး စွဲမြဲခိုင်မာ လာတယ်။ ကျွန်မရဲ့ဇီဝဗေဒဆရာ ရော်လိုဂါးလ်ဘရိုက် ဆိုတဲ့ ပုဂ္ဂိုလ်က စကားပြောရင် မာမာထန်ထန်နဲ့ စည်းကမ်းကြီးတဲ့ ဆရာပါ။ ဒါပေမယ့် တစ်နေ့ကော့ သူက အတော့်ကို နူးညံ့ ပျော့ပျောင်းတဲ့လေသံနဲ့ မှတ်ချက်ချတယ်။ သူသင်တာကို ကျွန်မ လောက် ပြည့်ပြည့်စုံစုံ မှတ်စုလိုက်ရေးထားတဲ့ ကျောင်းသား ကျောင်းသူဆိုလို့ တစ်ယောက်မှ သူ မတွေ့ဖူးသေးဘူးတဲ့။

ကျွန်မက ဆရာ့ကို ပြောပြတယ်။

"သမီး ဆရာ့အတန်းဆိုရင်သိပ်သဘောကျတာ။ ဇီဝဗေဒ ဘာသာရပ်ကိုလည်း တကယ့်ကိုကြိုက်တာ။ သမီး ဆရာဝန် ဖြစ်ချင်တယ် ဆရာ"

ဆရာက အံ့သြသွားပုံရတယ်။

"ဆရာဝန်... ဟုတ်လား"

"ဟုတ်ကဲ့၊ သမီး သားဖွားဘက်ဆိုင်ရာ ဆရာဝန် ဖြစ်ချင် ပါတယ်"

အဲဒီနောက် သိပ်မကြာလိုက်ဘူး။ တစ်ညမှာ ကျွန်မကို့ အိမ်ရှေ့ ကားအဝင်လမ်းပေါ်ရောက်တဲ့အထိ ကားတစ်စီး မောင်း ဝင်လာတယ်။ ကျွန်မကို့လည်း ဘယ်သူ့ကားမှန်း မသိကြဘူး။ ကားထဲက လူတစ်ယောက် ထွက်လာပြီး တံခါးခေါင်းလောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်။ ကျွန်မက အိမ်ရှေ့မီး ထဖွင့်လိုက်တယ်။

"ဟင်… ဆရာဂါးလ်ဘရိတ်ပါလား" လို့ တအံ့တသြ ရေရွတ်လိုက်မိတယ်။

ဆရာက ကျွန်မကို အိမ်ပြင်ထွက်လာခဲ့ဖို့ပြောတယ်။ ကား ဆီလည်း ရောက်ရော ခရီးဆောင်သေတ္တာကြီးတစ်လုံးကို ဖွင့်ပြီး အထဲက စာအုပ်ထည့်ထားတဲ့ ပုံးကလေးတွေကို ဟန်ပါပါနဲ့ မေးတိုးပြတယ်။

"အဲဒါတွေဟာ သားဖွားပညာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ် တွေနဲ့ ဂျာနယ်တွေပဲ။ ဆွေမျိုးတစ်ယောက်ဆီက ဆရာ အမွေ ရထားတာ။ ဗွန်… ဒီစာအုပ်တွေကို မင်း အပိုင်လိုချင်လိမ့်မယ်လို့ ဆရာထင်တယ်"

ကျွန်မလည်း ဘာပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။ ဆရာ့ဟန်ပန်အမူအရာက ကျွန်မအတွက် အဓိပ္ပာယ်ရှိတဲ့ လောက တစ်ခုကို ဆောင်ကြဉ်းလာခဲ့တယ်။ အဲဒီဟန်ပန်ကပဲ ဟောဒါဟာ လူဖြူအမျိုးသား ကျောင်းဆရာတစ်ယောက်၊ ဒီလူက မင်းအပေါ် မှာ အလေးအနက်ထားတယ်။ မင်းရဲ့ပန်းတိုင်ကို မင်း အရောက် လှမ်းနိုင်မယ်ဆိုတာ သူ စိတ်ချယုံကြည်တယ်လို့လည်း ပြောပြ နေတယ်။

ဆရာပေးတဲ့ လက်ဆောင်အတွက် ဆရာ့ကို ကျေးဇူးတင် ကြောင်း ပြောရတယ်။ ဒီထက်ကြီးကျယ်ခမ်းနားတဲ့ လက်ဆောင် ကတော့ ကျွန်မရဲ့ အစွမ်းအစအပေါ်မှာထားတဲ့ ဆရာ့ရဲ့ယုံကြည် စိတ်ချမှုပါပဲ။ ဒါကတော့ ကျွန်မနှလုံးသားထဲကနေ ဆရာ့ကို ကျေးဇူးတင်နေမိပါတယ်။ အဲဒီအချိန်ကစပြီး ရှေ့လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်ကျွန်မ ဆရာဝန်ဖြစ်လာဖို့ စိုးစဉ်းမျှ သံသယမရှိတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# လမ်းပေါ်မှာ

ပြည်တွင်းရုပ်သံလွှင့် အစီအစဉ်မှူး မာရေးက ကျွန်မတို့ကို လှမ်းပြီး နယူးယောက်မှာရှိတဲ့ ဘရွတ်ကလင်းဖောက်စ် ကဇာတ်ရုံမှာ နေ့ရာသီ ရက်သတ္တတစ်ပတ်ဖျော်ဖြေပေးဖို့ ကြိုတင် ရက်ချိန်း ပေးလာတယ်။ အဲဒီမှာက ရုံဝင်ကြေးကို အတန်းခွဲပြီးယူတာ။ ကြော်ငြာစာရင်းပေါ်မှာ အမြဲတမ်းပါနေကျ အဖွဲ့လေးဖွဲ့။ သလင်းပွင့်များ၊ တော်မီရိုး၊ ဖေဘီယန်နဲ့ ချပ်ခ်ဂျက်ဆင်ဆိုတဲ့ အဖွဲ့တွေပေါ့။ ခုတော့ သွန်ကင်ညီအစ်မများလည်း ရှက်တည်ရုံကြီးပေါ် ရောက်လာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က တစ်နေ့ လေးပွဲဖျော်ဖြေရပြီး တစ်ပတ်စာ ဒေါ်လာ ၅၀၀ ရပါတယ်။ ရလာတဲ့ ပိုက်ဆံကလည်း ဖေဖေ့ လက်ချက်နဲ့ ကုန်နှင့်ပါပြီ။ ဖျော်ဖြေရမယ့် အခန်းတွေမှာဝတ်ဖို့ အဝတ်အစားတွေ ချုပ်ပစ်တယ်လေ။ အဲဒီအဝတ်အစားတွေနဲ့ ဆိုတော့ ကျွန်မတို့မှာ ပွဲကတဲ့ တခြားသရုပ်ဆောင်တွေလို စား သောက်ဆိုင်လေး ဘာလေး ထွက်ပြီး စားလို့သောက်လို့ကောင်း မဖြစ်တော့ပါဘူး။ အပြင်ထွက်စားမယ့်အစား၊ အဝတ်လဲခန်းထဲမှာ ပေါင်မုန့်အသားညှပ်ကလေးတွေ ဆောင်ထားကြရတယ်။

ငွေကြေးရတဲ့ဘက်ကိုလိုက်ရင် သမီးတွေဆရာဝန်ဖြစ်ရမယ် ဆိုတဲ့ စိတ်ကူးအိပ်မက်ကို အဆုံးရှုံးခံရမယ်။ ဒါမှမဟုတ် အနည်း ဆုံး နောက်ဆုတ်ရွှေ့ဆိုင်းထားရမယ်။ အဲဒီလို စီးပွားရေး တွက် ကိန်းနဲ့ မျှော်လင့်ချက်ဆန္ဒ လုံးထွေးသတ်ပုတ်ရတဲ့အခါတွေမှာ ဖေဖေဟာ အရိပ်အမြွက်ကလေးတောင် မပေါ်အောင် ဖုံးဖိသိုသိပ် နိုင်ခဲ့ပါတယ်။

"ငါ့သမီးတွေက ကြည့်လို့ကောင်းတယ်။ ဂီတပါရမီလည်း ရှိကြတယ်" ဆိုပြီး လက်သင့်ခံနိုင်တဲ့ သဘောမျိုးနဲ့တော့ ပြော ပါတယ်။

"မင်းတို့က ငယ်သေးတယ်။ ငယ်ဂုဏ်လေးနဲ့ဆိုတော့ မင်း တို့ကို လူတိုင်းက သဘောကျကြတာပေါ့။ ဒါပေမယ့် သမီးတို့ အမြဲတမ်း ဒီလိုရုပ်ကောင်းအရွယ်ကောင်းလေးတွေအဖြစ်နဲ့ နေလို့ ရမှာမဟုတ်ဘူး။ အသက် ၄၀ ကျော်အရွယ် မိန်းမကြီးတစ်ယောက် က နဲကြီးတက်မှုတ်နေမယ်ဆိုရင် ဘယ်အမြင်တော်ပါ့မလဲ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတောအတွင်း တစ်နေ့ခင်းမှာ ကျွန်မတို့ရဲ့ ဂီတဖျော်ဖြေရေးလုပ်ငန်းအတွက် အလှည့်အပြောင်းတစ်ခု ဖြစ်လာတယ်။ ပွဲမပြီးခင် ဖေဖေနဲ့ စကားပြောချင်တယ်ဆိုပြီး ဇာတ်စင်နောက်ဘက်ကို လူငယ်တစ်ယောက် ရောက်လာတယ်။ သူက တီးဝိုင်းကောင်းတဲ့အကြောင်း ချီးမွမ်းပြီး ပရင့်စတန်မှာရှိတဲ့ သူတို့ကောလိပ်ကိုလာပြီး ဖျော်ဖြေတီးမှုတ်ပေးနိုင်မလားလို့ ကမ်းလှမ်းပါတယ်။

သူလာပြီး သိပ်မကြာခင်မှာဘဲ ပရင့်စတန်တက္ကသိုလ်၊ ဘွဲ့ဝက်စုံကောလိပ်ရဲ့ လူမှုရေးဥက္ကဋ္ဌက ကျွန်မတို့ကို ဖေဖော်ဝါရီလအတွင်း စနေနေ့ညတစ်ညမှာ သူတို့ဆီ လာဖျော်ဖြေပါဆိုပြီး သူ့ကို တစ်ခေါက်ထပ်လွှတ်လိုက်တယ်။ တီးဝိုင်းခ ဘယ်လောက်ယူပါသလဲလို့ မေးတဲ့အခါမှာ သူက မရှုံ့မရဲနဲ့ ဆုတ်ဆိုင်းဆိုင်းဖြစ်နေတယ်။ ကျွန်မတို့အနေနဲ့ ထိပ်တန်းပညာသည်ကြေး ယူလိမ့်မယ်လို့ သူထင်ထားတာကိုး။ တကယ်တမ်းက လောင်းဘရန့်ချ် တစ်ဝိုက်မှာ ကျွန်မတို့ တီးဝိုင်းခယူတာ တစ်ညမှ ၃၅ ဒေါ်လာ၊ ဒေါ်လာ ၄၀ လောက် ရှိတာပါ။

"အားတော့ နာပါတယ်။ ကျွန်တော်အမြင့်ဆုံးပေးနိုင်တာကတော့ ၁၇၅ ဒေါ်လာလောက်ပဲ တတ်နိုင်ပါတယ်" လို့ ကျောင်းသားက တောင်းတောင်းပန်ပန်နဲ့ပြောတယ်။

ဖေဖေကိုတော့ အောင်ပွဲခံပြီပေါ့။

"ပရင့်စတန်ဆိုတာ သိပ်ဝေးလှတာ မဟုတ်ဘူးကွ၊ အိမ်ကနေ သွားရင် တစ်နာရီထက် ပိုမကြာဘူး။ ပြီးတော့ တီးရမှာကလည်း စနေနေ့ ညပိုင်းဆိုတော့ သမီးတို့ ကျောင်းတက်မပျက်ပါဘူး" တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဖြစ်နိုင်တဲ့ရှေ့အလားအလာတစ်ခုကိုလည်း ဖျက်ခနဲ လှမ်းမြင်လိုက်တယ်။ ကောလိပ်ကျောင်းတွေမှာ ကျောင်းအားရက် သွားဖျော်ဖြေရတာဟာ ငှက်နှစ်ကောင်ကို မှန်အောင်ပစ်ဖို့ သူရှာနေတဲ့ ခဲတစ်လုံးပဲမဟုတ်လား။ ဒီနည်းနဲ့ ကျွန်မတို့ ပညာသင်စရိတ်ရအောင် ငွေရှာနိုင်မယ်။ တစ်ချိန်တည်းမှာ ကျွန်မကို ကျောင်းတက်မပျက်ဘဲ ပညာလည်း ဆက်သင်နိုင်မယ်။

၁၉၆၃ ခုနှစ်၊ချမ်းအေးလှတဲ့ဆောင်းညတစ်ညမှာ ပရင့်စတန်တက္ကသိုလ် ဘွဲ့ဝက်စုံကလပ်ကို ကျွန်မတို့ သွားဖျော်ဖြေခဲ့ကြတယ်။ အဲဒီကစပြီး ကျွန်မတို့ အလုပ်တွင်ကျယ်ဖို့ လမ်းစပေါ်ခဲ့တာပါပဲ။

တီးဝိုင်းအကြောင်း ပါးစပ်သတင်း ပျံ့သွားတယ်။ ဘာတွေဖြစ်လာမယ်ဆိုတာ ကောင်းကောင်းသတိမထားမိခင်မှာဘဲ ကောလိပ်ကျောင်းတစ်ကျောင်းက သောကြာနေ့ညအတွက် လာပြီး ရက်ချိန်းကောင်းတယ်။ နောက်တစ်ကျောင်းက စနေနေ့နေ့ခင်းပိုင်းနဲ့ ညနေပိုင်း၊ နောက်တစ်ကျောင်းက တနင်္ဂနွေနေ့နေ့ခင်းပိုင်းဆိုပြီး ဖြစ်လာတယ်။

ကျွန်မတို့ အချိန်ဇယားကတော့ တခြားကျောင်းသားတွေနဲ့အတူတူပါပဲ။ တစ်ပတ်လုံး စာသင်တယ်။ စနေ၊ တနင်္ဂနွေရက်တွေ၊ အားလပ်ရက်တွေအတွင်းမှာ တီးကြ၊ မှုတ်ကြ၊ ဆိုကြတယ်။ တစ်ခုပဲကွာတယ်။ သူတို့ တီးကြမှုတ်ကြတာက ပျော်ပျော်ပါးပါးနေရဖို့။ ကျွန်မတို့ ညီအစ်မတွေ ပျော်ပျော်ပါးပါး တီးမှုတ်ကြတာက ငွေရဖို့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က လုပ်ငန်းလိပ်စာကတ်ကလေးတွေ ရိုက်နှိပ်ပြီး လက်ကမ်းဝေငှပေးတယ်။ ကတ်ပြားမှာ "သွန်ညီအစ်မများ သိပ်ကောင်းတဲ့ သီချင်းတွေ မိတ်ဆွေ နားထောင်ပြီးပြီလား" ဆိုတဲ့စာသားကို ရှေ့ကထားပြီး နောက်ဘက်မှာ ကျွန်မတို့ရဲ့ တယ်လီဖုန်းနံပါတ်ပါတယ်။ တစ်ယောက်ယောက်က ဖုန်းဆက်ပြီ ဆိုရင် ဖေဖေက အော်ကြီးဟစ်ကျယ်နဲ့ ကျွန်မဆီလှမ်းပြီး "ဟေ့... မုန့်ဝိုင်းလေး၊ ဒီတစ်ပတ်အားရက် ဖေဖေကို ပင်ဆီလ်ဗေးနီးယား တက္ကသိုလ်မှာ ပွဲရှိတယ်နော်၊ အဲဒီရက်ထဲမှာပဲ ဟမီလ်တန် ကောလိပ်ကို ပွဲကူးနိုင်မလား" ဘာညာနဲ့ မေးလာမေးရဲ့။

ခရီးစဉ်တွေ သွားဖို့လာဖို့ အချိန်ဇယားဆွဲရတာတွေက ကျွန်မလုပ်ဖို့ အလိုလိုဖြစ်လာတယ်။ ပြီးတော့ နီးစပ်ရာနေရာတွေ စုပြီး ရက်ချိန်းချိတ်ရတယ်။ ဒီလိုနဲ့ပဲ ဥပမာအဖြစ်ပြောရရင် ထရီနီတီ၊ ဝက်စ်လီယန်နဲ့ အမ်းဟတ်စ်လို နေရာတွေကို ပေါင်းပြီး စနေ၊ တနင်္ဂနွေ တစ်ခေါက်သွား။ နောက်တစ်ပတ်ကျတော့ ကွန်နဲလ်နဲ့ ကိုးလ်ဂိတ်ကိုသွား ဆိုတာမျိုးတွေ လုပ်ရတာပေါ့။

တစ်ခါတော့ မေမေက ဖေဖေ့ကို အသိမပေးဘဲ ကျွန်မတို့ကို ဒူးပေါ်ပေါင်ပေါ် အဝတ်အစားမျိုးတွေ ဆင်ပေးတယ်။ အဲဒါတွေ ဝတ်ပြီး ကျွန်မတို့ ထွက်လာတော့ ဖေဖေ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ကျွန်မတို့ကြည့်ရတာ တမင်မြူနေသလို ဖြစ်နေတယ်လို့ သူမြင်တယ်။ ကျောင်းသားတွေက အပြောင်းအလဲ လုပ်ပေးမှ ကြိုက်တယ်ဆိုတာ သဘောပေါက်သွားတော့မှပဲ ဖေဖေက ခွင့်ပြုတယ်။ "အေးလေ ဝါကလည်း နည်းနည်းတော့ ရှေ့ရိုးဆန်ချင် ဆန်နေမှာပေါ့" တဲ့။

www.burmeseclassic.com



ဇာတ်စင်ပေါ်ဝင်တဲ့ အဝတ်အစားတွေက သရုပ်ဆောင်တင်ဆက်တဲ့နေရာမှာ ပိုပြီး ထိရောက်အောင် အထောက်အကူပြုတယ်ဆိုတာ သူ မြင်လာတယ်။ နောက်ပိုင်းမှာတော့ ပွဲတစ်ပွဲတည်းမှာပဲ ကျွန်မတို့ကို အဝတ်အစားတွေ အမျိုးမျိုးပြောင်းဝတ်ခိုင်းတဲ့အထိ ဖေဖေက စိတ်ကူးထုတ်လာတယ်။ တစ်ကြိမ်မှာ အမြိတ်အဆာပါတာတွေ ဝတ်ထွက်လာမယ်၊ နောက်တစ်ကြိမ်ကျတော့ ပိုးဖဲထည်တွေနဲ့၊ ဟော... နောက်တစ်ကျော့မှာ ဘော်ကြယ်ထိုးထားတဲ့ အဝတ်တွေဖြစ်နေရော။ ကျောင်းသားတွေကလည်း ဒါကို သဘောကျကြတယ်။ ဖေဖေကိုယ်တိုင်တောင်မှ အဝတ်အစား အပြောင်းအလဲတွေကို မကြည့်ဘဲမနေနိုင်ဘူး။ တစ်နေရာကနေ မတ်တပ်ရပ်၊ လက်ပိုက်ပြီး ကျွန်မတို့အဝတ်တွေ ခပ်သုတ်သုတ်လဲလိုက်ကြ၊ တီးဝိုင်းခွင်ထဲ ပြန်ဝင်လိုက်ကြ လုပ်တာကို ပြုံးပြုံးကြီး ကြည့်နေတတ်တယ်။

ယောက်ျားလေးတွေနဲ့ ကျွန်မတို့ စဟယ်ပြောင်ဟယ်လုပ်ပြီး ပျော်ပျော်ပါးပါးနေလို့တော့ရတယ်။ ဒါပေမယ့် ဖေဖေက ရယ်ရင်းမောရင်း ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ကျွန်မတို့လွတ်ထွက်မသွားအောင် တင်းတင်းကျပ်ကျပ်ထိန်းချုပ်ခဲ့တာပါ။ ဖေဖေ့အရုပ်က သိပ်မြင့်တာ မဟုတ်ဘူး။ ငါးပေရှစ်လက်မ၊ ကိုးလက်မလောက်ပဲရှိမယ်။ ဒါပေမယ့် သူ့လက်မောင်းကြွက်သားကြီးတွေက ဧရာမမျက်လုံးကြီးနှစ်လုံးလို ပြူးထွက်နေတာ၊ ပြီးတော့ လူကလည်း တုတ်တုတ်ခိုင်ခိုင်ဆိုတော့ ပုံပန်းကြည့်လိုက်ရင် လန့်စရာကောင်းတယ်။ ဒါပေမယ့် မျက်နှာကျတော့ ချိုလွန်းလို့ သူနဲ့တွေ့တဲ့လူတိုင်း အလိုလိုပြုံးရွှင်လာကြတာချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေကို စိတ်မချတဲ့ ဖေဖေဟာ ကျွန်မကို ကားထဲကို တစ်စိမ်းယောက်ျား အဝင်မခံဘူးဆိုတဲ့ သူ့စည်းကမ်းချက်ကို ဘယ်တော့မှ အလျှော့မပေးခဲ့ဘူး။ ကောလိပ်ကျောင်းသားတွေ ကျွန်မကို့အနား ဝိုင်းအုံလာပြီး အလေးချိန်တစ်တန်လောက်ရှိတဲ့ အသံချဲ့စက်ကို၊ တီးဝိုင်းပစ္စည်းတို့ကို ကူတင်ကူချ လုပ်ပေးတာမျိုးကအစ ဖေဖေက လက်မခံဘူး။ သူတို့ကို ကျေးဇူးတင်တဲ့အကြောင်း ပြေလည်အောင် ပြောပြတယ်။

“မဟုတ်ဘူးကွ၊ ဒီပစ္စည်းတွေကို ကိုင်ပုံတွယ်ပုံက ဦးနဲ့ ဦးသမီးတွေပဲ သိတာ။ အဲဒါကြောင့်ပါ။ ဒီတော့ မင်းတို့က ဘယ်ကိုသွားရမယ်ဆိုတာ လမ်းသာပြပါ။ ဦးတို့ လုပ်လို့ရပါတယ်”

ကျွန်မကို့ကိုတော့ ဖေဖေက တပ်တလဲလဲ ဆုံးမခြဲပါပဲ။

“သမီးတို့ ဒီကိုလာတာ လူတွေနဲ့ အရောဝင် အဖွဲ့ကျနေဖို့ မဟုတ်ဘူး။ မင်းတို့ ဆိုစရာရှိတာဆို တီးစရာရှိတာတီး၊ ပြီးရင် ကျောင်းပြန် စာသင်ဖို့ပဲ” တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# တကွဲတပြား

ကောလိပ်ပွဲတွေလိုက်ပြီး ကျွန်မတို့ တီးကြမှုတ်ကြတဲ့အချိန်မှာ ဂျင်းနက်က ၁၈ နှစ်၊ ဒွန်နာက ၁၉ နှစ် ရှိနေကြပြီဆိုတော့ ဖေဖေ့လက်အောက်မှာ သိပ်မနေချင်ကြတော့ဘူး။ တစ်စတစ်စနဲ့ ရုန်းထွက်ဖို့ ကြိုးစားလာကြတယ်။ မေမေလည်း ဖေဖေ့ကို သိပ်မတင်းကျပ်ဖို့၊ လျှော့သင့်တာလျှော့ပေးဖို့ ပြောပါတယ်။ “သူတို့တွေလည်း အရွယ်ရောက်လာကြပြီ ရှင်ရဲ့၊ သူတို့အရွယ် တခြားမိန်းကလေးတွေ နေကြထိုင်ကြသလို သူတို့လည်း နေချင်မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဖေဖေကတော့ “ဒီအိမ်မှာ သူတို့ ဘယ်လိုနေရမယ်လို့ စည်းကမ်းချထားသလဲ၊ အေး … အဲဒီအတိုင်းပဲ သူတို့နေရမယ်” လို့သာ အမြဲတမ်း အဖြေပေးတတ်တယ်။

ဒွန်နာနဲ့ ဂျင်းနက်တို့နှစ်ယောက်ရဲ့ အိပ်ခန်းက အိမ်နောက်ဘက်မှာရှိပြီး နောက်ဖေးနောက်ဖီထွက်တဲ့ တံခါးတစ်ပေါက်လည်းရှိတယ်။ တစ်ညတော့ ဖေဖေက မေမေ့ကိုမေးတယ်။ “ဒွန်နာနဲ့ ဂျင်းနက်တို့ညီအစ်မနှစ်ယောက် ဘယ်သွားကြသလဲ” တဲ့။

သူတို့နှစ်ယောက် အိမ်မှာမရှိတဲ့အကြောင်းကို မေမေက ဝန်ခံပါတယ်။ အဲဒီနောက်တော့ ဘာတွေပေါက်ကွဲလာမလဲလို့ ကျွန်မတို့ စောင့်နေကြတာပေါ့။ ပေါက်တော့ မပေါက်ကွဲပါဘူး။ ဒေါသတကြီး ပြောဆိုပေါက်ကွဲရမယ့်အစား၊ ဖေဖေက အောက်ဆင်းသွားပြီး ကူတစ်လက်နဲ့ သံချောင်းတွေ လက်တစ်ဆုပ်စာကိုင်လို့ အိမ်ထဲပြန်ဝင်လာတယ်။ ကျွန်မဖြင့် အဲဒီလောက်ရှည်တဲ့ သံချောင်းကြီးတွေ တစ်ခါမှမမြင်ဖူးဘူး။

ဖေဖေက အိမ်ပြင်ထွက်ပြီး နောက်ဖေးဘက်ကို ပတ်သွားတယ်။ ခုန သံချောင်းရှည်ရှည်ကြီးတွေကို နောက်ဖေးတံခါးရော၊ တံခါးကျည်းဘောင်တွေထဲပါ ဝင်အောင် ကျကျနနဲ့ အားရှိပါးရှိလွှဲလွှဲပြီး ရိုက်သွင်းတော့တာပဲ။

ဒွန်နာနဲ့ ဂျင်းနက်တို့ နှစ်ယောက်တော့ ဟောင်းဝပ်ဒ်တက္ကသိုလ်လို ခပ်ဝေးဝေးက တက္ကသိုလ်တစ်ခုခုကိုသာ ဝင်ခွင့်မရရင် အခြေအနေ ဒီ့ထက်ပိုကျပ်လာတော့မှာ သေချာတယ်။ မွန်လယ်လောက် အရောက်မှာ သူတို့က ဖေဖေလည်း တကင်နဲ့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ သူတို့လည်း ကိုယ့်ခြေထောက်ပေါ်ကိုယ် လွတ်လွတ်လပ်လပ် ရပ်တည်နိုင်အောင် လုပ်မယ်ဆိုပြီး ဂါရှင်တန်၊ ဒီ၊ စီ၊ ကို အမြန်ဆုံး ထွက်သွားကြဖို့ စိုင်းပြင်းတယ်။

ဒါပေမယ့် သူတို့နှစ်ယောက် ထွက်သွားဖို့ တကြိတ်ကြိတ် လုပ်နေကြတာကို ဖေဖေသိသွားတဲ့အချိန်မှာ "မင်းတို့မသွားရဘူး" လို့ ခပ်ရှင်းရှင်းပဲ အပြတ်ပြောချလိုက်တယ်။

"မင်းတို့က ဂါရှင်တန် ဒီ၊စီရောက်နေရင် ကီးဝိုင်းက ဘယ်လိုလုပ်ပြီး ကီးလို့ရမလဲ။ ခုဆို အငယ်လေးတွေက မင်းတို့ကို ဝိုင်းပြီး ကီးမှုတ်ပေးနေကြတယ်။ မင်းတို့ကလည်း သူတို့ကို တစ်လှည့်ပြန်ပြီး ဝိုင်းကြဝန်းကြဦးမှပေါ့"

"ဒါပေမယ့် ဖေဖေရယ်၊ ဖေဖေပဲ သမီးတို့ကို ပညာသင်စေချင်တယ်ဆို။ ဖေဖေပဲ သမီးတို့ကို ဆရာဝန်မကြီးတွေ ဖြစ်စေချင်တာ မဟုတ်လား"

"အေးပါ… အဲဒါက အစကတည်းက ငါပြောလာခဲ့တာပါကွ"

"ဒါဆို သမီးတို့ ဟောင်းဝပ်ဒ်ကိုသွားမှ ဖြစ်မှာပေါ့။ ခုပဲ နောက်ကျလှပြီ။ တော်ကြာ ဘယ်တက္ကသိုလ်မှ ဝင်ခွင့်ရတော့မှာ မဟုတ်ဘူး"

"ကဲ… ကဲ ဒါဆိုလဲ ဖေဖေ ကြည့်လုပ်စမ်းပါရစေဦး"

ဒွန်နာနဲ့ ဂျင်းနက်ကတော့ ဒီအချေအတင်ဖြစ်တဲ့ပွဲမှာ သူတို့ အနိုင်ရမယ်လို့ ထင်သွားကြတယ်။ ဘာပြုလို့လည်းဆိုတော့ သူတို့ ပြောသလို ကောလိပ်ဆိုတာက ဆောင်းဦးပေါက် အတန်းမစခင် နှစ်ပတ်အတွင်း ရောင်ရင်ရောက်၊ မရောက်ရင် ကျောင်းအပ်

www.burmeseclassic.com



လက်မခံဘူးဆိုတာ သေချာတာကို။ နှစ်ယောက်သား ကောလိပ် ရောက်ရင် တွေ့ရကြုံရမယ့် ယောကျ်ားလေးတွေအကြောင်း၊ လွတ် လွတ်လပ်လပ် နေရတာ ဘယ်လောက်အရသာရှိတဲ့အကြောင်း တွေ ပြောလိုက်ကြ၊ တခိခိ ရယ်လိုက်ကြနဲ့ပေါ့။

ဒီကြားထဲ ဖေဖေက အိမ်ကို သတင်းတစ်ခုသယ်လာတယ်။ လောင်းဘရန့်ချ်အနောက်ပိုင်းမှာ ကောလပ်ကျောင်းတစ်ကျောင်း ရှိသေးဆိုပဲ။ အဲဒီကောလိပ်ဆို အိမ်နဲ့ နီးနီးနားနားမို့ လမ်းလျှောက် ပြီး ကျောင်းတယ်မယ်ဆိုရင်တောင် တက်လို့ဖြစ်တယ်ပြောတော့ သူတို့နှစ်ယောက်က မလှုပ်မချောက်နဲ့ 'သမီးတို့ သိသားပဲ' ဆိုပြီး အဲဒီကောလိပ်ကို ခေါင်းထဲမထည့်တဲ့ပုံနဲ့ ပြန်ပြောတယ်။

အဲဒီကောလိပ်က ကျောင်းအပ်လက်ခံတာ အရင်လက ကည်းက ပိတ်သွားမှန်း သိပြီးသားဆိုတော့ သူတို့က မတက်ချင် ပါဘူးလို့လည်း ငြင်းမနေတော့ဘူး။ ဒီတစ်ချီလည်း သူတို့ အရေးသာပြန်ပြီလို့ပဲ ထင်နေကြတယ်။

"အဲဒါအတွက်တော့မပူနဲ့" တဲ့။ ဖေဖေက လုပ်ပါလေရော။ "ကျောင်းက လူကြီးတွေ ငါသွားပြောမယ်"

ဖေဖေက သူ့မှာ တစ်စုံဆိုမှ တစ်စုံတည်းရှိတဲ့ဝတ်စုံကို ကောက်ဝတ်တဲ့ပြီး တံခါးအပြင်ဘက်အထွက်မှာ ဂျင်းနက်က လှောင်သလိုလိုနဲ့ ရယ်တောင် ရယ်နေလိုက်သေးတယ်။ ဒါပေမယ့် ဖေဖေ့ကို လျှော့မတွက်သင့်ဘူးဆိုတာတော့ သူတို့သိဖို့ကောင်းတာ ပေါ့။

လျှော့မတွက်သင့်ဘူးဆိုလို့ ဖေဖေ့အကြောင်းပြောရဦးမယ်။ ဖေဖေက ခိုင်မာတယ်၊ ပွင့်လင်းတယ်၊ ရိုးသားတယ်။ အဲဒါနဲ့တင်

www.burmeseclassic.com

www.burmeseclassic.com



တံခါးတွေကို ပွင့်အောင်ဖွင့်နိုင်တယ်။ ပြီးတော့ သူက ပြဿနာပေါ်အောင် ဘာတစ်ခုမှ လုပ်မှာ မဟုတ်ဘူး။ ဂူးဂူးဂါးဂါးနဲ့လည်း ဗလုံးဗထွေး မဖြစ်စေရဘူး။ သူတွေ့ရအောင်လာတဲ့ပုဂ္ဂိုလ်နဲ့ မတွေ့ရမခြင်း ထိုင်စောင့်မယ့်လူ။ အဲဒီလို ယဉ်ကျေးသိမ်မွေ့တဲ့ စိတ်ပိုင်းဖြတ်ချက်နဲ့ လာတယ်ဆိုတာ ပေါ်လွင်အောင် လုပ်ပြမှာ။ အတွင်းရေးမှူးလုပ်သူက သူ့ကို ရုံးခန်းတစ်ခန်းထဲဝင်သွားဖို့ ညွှန်လိုက်တယ်။

"ကျွန်တော် လောင်းဘရန့်ချ်မှာ နေပါတယ်။ မွန်းမောက်ကပ်ထဲမှာ အလုပ်ဆင်းရပါတယ်။ သမီးမိန်းကလေး ခြောက်ယောက်ရဲ့အဖေ၊ စစ်မှုထမ်းဟောင်း တစ်ယောက်ပါ ခင်ဗျာ"

ဖေဖေက သူ့ရှေ့မှာရှိတဲ့ပုဂ္ဂိုလ်ကို အေးအေးသက်သာပဲ စကားစပါတယ်။

"ဆရာကြီးရဲ့စားပွဲပေါ်က ဓာတ်ပုံတွေ တွေ့ရတော့ ဆရာကြီးလည်း အိမ်ထောင်ရှင်တစ်ယောက် ဖြစ်မယ့်ပုံပါပဲ။ ကျွန်တော် မှန်းတာ မှန်လောက်ပါတယ်နော်"

ဖေဖေ့ရဲ့ မေးခွန်းတွေကို တုံ့ပြန်တဲ့အနေနဲ့ အဲဒီပုဂ္ဂိုလ်က ဓာတ်ပုံထဲက ကလေးတွေရဲ့ နာမည်ရောအသက်အရွယ်တွေကိုပါ ပြောပြတယ်။ နောက်တော့ ကလေးတွေရဲ့ အစွမ်းအစနဲ့ စိတ်ပါဝင်စားမှုတွေအကြောင်းပါ ရောက်လာတယ်။

ဒီလိုတွေ့ဆုံဆွေးနွေးခဲ့တာနဲ့ပတ်သက်လို့ နောက်ပိုင်းမှာ ဖေဖေ ကျွန်မတို့ကို ပြန်ပြောပြတာက အဲဒီအချိန်မှာ သူ့လာရင်းကိစ္စ အောင်မြင်တော့မယ်မှန်း သူ သိတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုဂ္ဂိုလ်က သူ့ကလေးတွေအကြောင်း တခြားလူ တစ်ယောက်ကို ပြောပြနေပြီလေ။ လူကလည်း သူ့စားပွဲကြီးနောက်မှာ မဟုတ်တော့ဘူး။ ပြောရင်းပြောရင်းနဲ့ ဖေဖေ့ဘေးနား ရောက်လာတယ်။ ဘယ်ရမလဲ။ သူ့ကို ဖေဖေက အိတ်ထောင်ထဲ ကောက်ထည့်လိုက်တာပေါ့"

နောက်နှစ်ရက်လောက်ကြာတော့ ဒွန်နာနဲ့ ဂျင်းနက်ကို မွန်းမောက်ကောလိပ်မှာ တက်ရောက်သင်ကြားခွင့်ပြုလိုက်တဲ့ အကြောင်းကြားစာ ရောက်လာပါရောလား။

ဂျင်းနက်က ဆူပူအော်ဟစ် ဒေါသတွေဖြစ်လို့။ ဒွန်နာက ငိုကြီးချက်မနဲ့ မတက်ချင်ဘူးလို့ ငြင်းတယ်။ နှစ်ယောက်သား အခန်းထဲဝင် တံခါးပိတ်ပြီး ညည်းကြ အော်ကြ ဖြစ်ကုန်ကြတာပေါ့။ ဖေဖေကလည်း သူတို့နှစ်ယောက်အတွက် စိတ်မကောင်းဖြစ်ရတဲ့အကြောင်း ဝန်ခံပါတယ်။

"ဘုရားသခင်က ဒီလိုဖြစ်ရမယ်လို့ပဲ သတ်မှတ်ခဲ့တယ်နဲ့ တူပါတယ်ကွာ။ ဘာပြုလို့လည်းဆိုတော့ မွန်းမောက်ကောလိပ်သာ ဒီမှာမရှိရင် သူတို့ညီအစ်မ ဟောင်းဝပ်ဒ်ကို မဖြစ်မနေ သွားကြရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

# စည်းဝိုင်းအပြင် ထွက်ကြပြီ

ဒွန်နာနဲ့ဂျင်းနက် ကောလိပ်စတက်တော့ ကျွန်မက အထက်တန်းကျောင်းမှာ တက္ကသိုလ်ယနှစ်၊ လင်ဒါက ပထမနှစ်၊ ရီတာက ခြောက်တန်း။ ကျွန်မကိုလည်း တီးဝိုင်းအလုပ် ဆက်လုပ်ဖြစ်နေတော့အရင်ရောက်ဖူးပြီးသား ကျောင်းသားအသင်းအဖွဲ့တွေဆီ အကြိမ်ကြိမ်အခေါက်ခေါက် ထပ်ရောက်ခဲ့ကြတယ်။ ကောလိပ်ကနေ အောင်ပြီးသွားတဲ့ လူတွေနဲ့ အမှတ်မထင် တွေ့ကြတော့ သူတို့က ခုဆို ဆေးကျောင်းရောက်တဲ့လူနဲ့၊ ဥပဒေကို၊ စီးပွားရေးကို ရောက်တဲ့လူတွေ ရောက်နေကြောင်း ပြောပြကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်...နင်တို့ကျောင်းပြီးအောင် ဆက်တက်ကြပါ"လို့ ဝမ်းသာအားရပြောရင်း ကျွန်မတို့ မေးချင်တာတွေလည်း မေးကြမြန်းကြရတယ်။

ကျွန်မတို့က ဆရာဝန်ဖြစ်ချင်တာသာရှိတယ်။ ဆရာဝန်ဖြစ်အောင် လုပ်ရကိုင်ရတဲ့ အဆင့်တွေကိုတော့ သိတာမဟုတ်ဘူး။ အထက်တန်းကျောင်းက အောင်ခဲ့ရမယ်၊ ကောလိပ်တက်ရမယ်၊ ဆေးကျောင်း ဆက်တက်ရမယ်။ အဲဒီနောက် ဆေးရုံတစ်ရုံမှာ ကာလအပိုင်းအခြားနဲ့နေရမယ်။ ပြီးတော့မှ ဆေးရုံထဲမှာ အခြေတကျ နေထိုင်လုပ်ကိုင်ရမယ်ဆိုတာ ကျွန်မတို့ ဘယ် သဘောပေါက်ပါ့မလဲ။ ဒီအကြောင်းတွေသိရတော့ ရှေ့လျှောက်ရမယ့်လမ်းက အရှည်ကြီးကျန်ပါသေးလားလို့ ရင်မပြီး ပြောမိကြတယ်။ ဒါကို ဖေဖေက "မင်းတို့ လုပ်နိုင်ရမှာပေါ့" ဆိုပြီး ထုံးစံအတိုင်း ရှည်ရှည်ဝေးဝေး ပြောပါတော့တယ်။

"မင်းတို့ ကြိုးစားသင်ရမယ်။ လူအတော်များများက သိပ်အားထုတ်ချင်ကြတာမဟုတ်ဘူး။ ကိုယ်ကျရာတာဝန် ကျေပွန်အောင် လုပ်ရမယ့်အစား ပင်ပင်ပန်းပန်း လုပ်ရကိုင်ရတာဆိုရင် သိပ်မနိုင်ပါဘူးလို့ ပြောချင်ကြတယ်။ ငါ့သား အဲဒီစကားမျိုး တစ်ယောက်ယောက်ကပြောကြည့်၊ ငါက ပြန်မေးလိုက်ချင်တယ်။ 'မင်းကိုယ်တိုင်ကကော ဘယ်လောက် ကြိုးကြိုးစားစား လုပ်ခဲ့ဖူးသလဲ' လို့။ ဒီကိစ္စက ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားလိုပဲ။ အခြေခံနိယာမပါ။ မင်း ဇွဲနပဲနဲ့ ကြိုးစားသာလုပ်၊ လုပ်ရင်ဖြစ်မှာပဲ။

သမီးတို့တွေ ဆရာဝန်ဖြစ်ရမယ်ဆိုတာလည်း ဒီလိုပဲ။ လူတွေကတော့ မဖြစ်နိုင်ပါဘူးလို့ ပြောကြတာပေါ့။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကတော့ ဖြစ်ကိုဖြစ်မှာ။ အရေးကြီးတာက သမီးကို့အားလုံး ကိုယ့်စိတ်ကိုယ် ပြတ်ပြတ်သားသား ဆုံးဖြတ်ထား။ အားလုံးသာ ဆရာဝန်ဖြစ်ကြည့်စမ်း၊ ဘယ်လောက်များ ကြီးကျယ်ခဲ့ညားလိုက်မလဲလို့ ဟင်၊ မဟုတ်ဘူးလား”

ကျွန်မရယ်၊ လင်ဒါနဲ့ ရီတာရယ် ဒီသုံးယောက်ကတော့ ဖေဖေ့စကားကို အလေးအနက်ထားပြီး စိတ်ပါလက်ပါ နားထောင်ကြတယ်။ စိတ်ထဲမှာလည်း သစ်လွင်လတ်ဆတ်တဲ့ ဆုံးဖြတ်ချက် ဝင်လာတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်မ သံသယဖြစ်မိတာက ဖေဖေ့စကားတွေရဲ့လိုရင်းက ဒွန်နာ့ကို ရည်ရွယ်ပြီး အားပေးချင်လို့ ပြောနေတာလား ဆိုတာပါပဲ။

ဒွန်နာက မွန်းမောက်ကောလိပ်မှာ အတော့်ကို ကြိုးစားရုန်းကန်နေရတယ်။ အထူးသဖြင့် ဂျင်းနက်က ကျောင်းစာကို ခပ်သာသာ ရှက်လွှင့်လိုက်နေနိုင်တဲ့ အချိန်မျိုးမှာ သူ့အတွက်ကျတော့ ဝန်ထုပ်ဝန်ပိုးကြီးလို ဖြစ်ဖြစ်နေတတ်တဲ့ အချိန်ကစပြီး စာလိုက်ရတာ သူ သိပ်မပျော်ပိုက်ချင်တော့ဘူး။

“ဖေဖေ သမီးတော့ ဒီစာတွေကို မလိုက်နိုင်တော့ဘူး။ သမီးမှာ ကောလိပ်အရည်အသွေးမရှိပါဘူး” လို့လည်း ဖေဖေ့ကို အမြဲ ပြောတတ်တယ်။

“သမီးကိုယ်သမီး ဂျင်းနက်နဲ့ သွားမယှဉ်နဲ့လေ။ ဒီလောက်ထိ သင်လာခဲ့မှတော့ သမီးဆက်သင်ရင်ဖြစ်ပါတယ်။ အောင်မြင်မှာပါ” လို့ ဖေဖေက ယုံကြည်မှုရှိအောင် ပြန်ပြီးအားပေးတယ်။

ဖေဖေက ကျွန်မတို့ကို ငယ်ငယ်တုန်းကလိုပဲ သူ့စကားကို မြေဝယ်မကျ နားထောင်စေချင်တယ်။ သူ အပြစ်တင်မောင်းမဲရင်

www.burmeseclassic.com

www.burmeseclassic.com



နာခံစေချင်တယ်။ ကျွန်မကို့ အငယ်သုံးယောက်ကတော့ နာခံပါတယ်။ ဒါပေမယ့် ဂျင်းနက်က “ဖေဖေပြောတာတွေချည်း လက်ခံနေရတော့မှာလား၊ သမီးဘာသာသမီးလည်း လှေလာယှုပါရစေဦး” ဆိုတဲ့ စကားမျိုးနဲ့ မကြာခဏဆိုသလို ခံပြောချင်လာတယ်။

အမှန်ကတော့ ဖေဖေက အားလုံးကို ဥမကွဲသိုက်မပျက်နေစေချင်တာ။ စည်းဝိုင်းထဲကနေ ဘယ်သူ့ကိုမှ အပြင်ထွက်မသွားစေချင်တာ။ ဒါပေမယ့် သားသမီးဆိုတာငယ်ရာက ကြီးပြင်းလာကြမယ်။ အကောင်အလက်စုံတော့ အပြင်ကို ခွဲထွက်ကြမယ်။ ရှေ့ကို ကိုးသွားကြမယ်ဆိုတာ သဘာဝရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါ။ ခွဲထွက်ရမယ့် နယ်နိမိတ်ဆိုတာ အနေးနဲ့အမြန် ပေါ်လာမှာပဲလေ။

တစ်နေ့ ဖေဖေ အိမ်နောက်ဘက်ခြံစည်းရိုးပင်တွေ ညှပ်နေတုန်း ဒွန်နာက သူ့ဘေးနားရောက်လာပြီး ...

“ဖေဖေ ...ဖေဖေ့ကို သမီးပြောခဲ့ဖူးတယ်။ ခုလည်း ပြောရဦးမယ်။ သမီးမှာ ကောလိပ်အရည်အသွေးမရှိဘူး။ သမီးကို ဒီထက်ပိုပြီး ကြိုးစားလို့ မပြောပါနဲ့တော့။ သမီး အတတ်နိုင်ဆုံး ကြိုးစားပြီးပြီ”

“သမီးရယ်၊ ဒီအခြေအနေအထိ ရောက်လာပြီပဲဟာ”

“သမီး မလုပ်နိုင်ဘူး၊ တတ်လည်း မတတ်နိုင်တော့ဘူး။ လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ သမီး ဆရာဝန်မဖြစ်ချင်ဘူး”

စကားလုံးတွေက မာကျောလေးလံလှပါတယ်။ ဖေဖေက လက်ကိုလွှဲပြီး မြှောက်လိုက်တယ်။ ပြီးတော့မှ မျှော်လင့်ချက်ကုန်ခမ်းသွားသလို သူ့ဘေးဘက်ကို လျှော့ချတယ်။

www.burmeseclassic.com

"မင်းသဘောက မင်းကို အဖေသွန်သင်ဆုံးမတာ ဆက်ပြီး မနာခံတော့ဘူးလို့ ဆိုချင်တာပေါ့"

အဲဒီအချိန်မှာ ကျွန်မကလည်း မွန်းမောက်ကောလိပ်ထက် ပိုပြီး ဂုဏ်သတင်းကြီးတဲ့ ကျောင်းရှိရာ နာမည်ထွက်တဲ့ မြို့တစ်မြို့ကို သွားတက်ချင်နေတယ်။ ဒါနဲ့ လှမ်းလျှောက်လိုက်တော့ နယူးယောက်မှာရှိတဲ့ ဘားနဒ်ကောလိပ်က လက်ခံတယ်။ ပညာသင်စရိတ်လည်း ချီးမြှင့်ခံရတယ်။ ဖေဖေက မတက်ရဘူးတဲ့။ ဒါနဲ့ ၁၉၆၃ ခုနှစ် ဆောင်းဦးပေါက်မှာ ကျွန်မလည်း မွန်းမောက်ကောလိပ်ပဲ ရောက်ခဲ့ရတော့တာပါပဲ။

ဆရာဝန်ဖြစ်ဖို့ လမ်းကြောင်းပေါ်လျှောက်ရင်း သိပ္ပံဘာသာတွဲ အထူးပြု ယူထားတဲ့ ဂျင်းနက်တစ်ယောက် ကောလိပ်မှာ အခက်ဆုံးသင်ရိုးလို့ ဂုဏ်သတင်းကြီးနေတဲ့ အော်ဂဲနစ်ဓာတုဗေဒ ယူရမယ့်အချိန် ရောက်လာပါတယ်။

ခရစ္စမတ်ပွဲတော်ရက်ပြီးလို့ သိပ်မကြာခင်မှာ ဂျင်းနက်က သူတော့ အော်ဂဲနစ်ဓာတုဗေဒကို ဆက်မယူနိုင်တော့ဘူးလို့ အေးအေးဆေးဆေးပဲ ဖွင့်ပြောတယ်။ "သမီး ဒီဘာသာရပ်ကို မကြိုက်ဘူး၊ စိတ်လည်း မဝင်စားဘူး" တဲ့။ သူက အပြတ်ပြောတယ်။ ပြီးတော့ သူ့အထူးပြုဘာသာကို ဇီဝဗေဒကနေ စိတ်ပညာဘက် ပြောင်းယူမယ်လို့လည်း ဆက်ပြောလိုက်သေးတယ်။

"သမီးက ဒေါက်တာတော့ဖြစ်လာမှာပါ။ အမ်ဒီဘွဲ့ မရပေမယ့် ပီအိပ်ချ်ဒီ ဘွဲ့တော့ ရရစေမယ်။ ဆေးပညာဒေါက်တာ ဖြစ်မလာရင် ဒဿနပညာဒေါက်တာ ဖြစ်ရမှာပေါ့"

ဖေဖေ့နားထင်စပ်က သွေးကြောတွေဟာ ကြိုးတွေလို

www.burmeseclassic.com

www.burmeseclassic.com



တင်းမာလာတယ်။ မနိုင်းကောင်းနိုင်းကောင်း နွားရိုင်းသတ်ပွဲမှာ ဒဏ်ရာအထပ်ထပ်ရထားတဲ့ နွားရိုင်းကြီးလို သူ့ခေါင်းကို ခါရမ်းလိုက်ပြီး . . .

"ဘာဒဿနပညာဒေါက်တာလဲ၊ ဒါက ဘာအဓိပ္ပာယ်လဲ။ ဘာမှ အဓိပ္ပာယ်မရှိဘူး။ လူတွေမှာ ဘာဒဿနပညာမှမလိုဘူး" ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ နေမထိထိုင်မထိ ဖြစ်နေတယ်။

ကျွန်မတို့အထဲမှာ ဖေဖေနဲ့ ခြေရာချင်းကိုင်းပြီးမကွန့်မဆုတ် ယှဉ်ရဲတာဆိုလို့ ဂျင်းနက်တစ်ယောက်ပဲရှိတယ်။ ဖေဖေ့ဒေါသ လောက်တော့ သူက အပျော့ပေါ့။

"ဖေဖေ သမီးကို ဖြစ်စေချင်သလိုတော့ သမီးဖြစ်အောင် မလုပ်နိုင်တော့ဘူး။ ကိုယ်ဖြစ်ချင်တာကိုပဲ ဖြစ်အောင်လုပ်မယ်။ အဲဒါကို ဖေဖေ မကြိုက်ဘူးဆိုရင်လည်း သမီး ဒီမှာ မနေရဲဘဲ ရှိတယ်"

ဒွန်နာက သူ့ဘာသာသူ အိမ်ခန်းတစ်ခန်း ငှားနေတာဆို တော့ ဂျင်းနက်က သူနဲ့အတူ လိုက်နေတယ်လေ။ သူတို့နှစ် ယောက်လုံး တီးဝိုင်းထဲကတော့ ထွက်မသွားကြပါဘူး။ ပါမြဲတိုင်း ပါနေကြတုန်းပဲ။ စိတ်မကောင်းဖြစ်သွားတဲ့ ဖေဖေဟာ တီးဝိုင်း ကြေးရရင် ဘယ်လောက်ရရ သူတို့အတွက် ဝေစုကို သပ်သပ် ဖယ်ပြီး မျှမျှတတဖြစ်အောင် ခွဲဝေပေးခဲ့ပါတယ်။

အဲဒီနောက်တော့ ဘာပဲပြောပြော အိမ်မှာ အခြေအနေတွေ ပြောင်းကုန်တယ်။ အရင်က ကျွန်မတို့ အဖေနဲ့အမေ ကတောက် ကဆ ဖြစ်တယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ ခုတော့ ခွန်းကြီးခွန်းငယ်ကိစ္စတွေ ဖြစ်ပါများလို့ ရိုးနေပြီ။ ကျွန်မလည်း

www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်သလောက် အိမ်နဲ့ဝေးအောင်နေတယ်။ ညနေတိုင်း ကောလိပ်စာကြည့်တိုက်သွားပြီး စာကြည့်တိုက်ပိတ်ချိန် ညဆယ်နာရီထိုးတဲ့အထိနေတယ်။

ကျွန်မ ပညာကို အပြည်းအထန် ဆည်းပူးခဲ့ပါတယ်။ အိမ်ကို မပြန်ချင်လို့ဆိုတဲ့ ဦးစားပေးအကြောင်း တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။ ကျွန်မဘာသာကျွန်မ ဆုံးဖြတ်ထားတာကြောင့်လည်းပါတယ်။ အဲဒါကတော့ ဖေဖေ့မှာ ဆရာဝန်ဖြစ်လာတဲ့သမီး အနည်းဆုံးတစ်ယောက်တော့ ရှိစေချင်တယ်။ ဒီ တစ်ယောက်ကလည်း ကျွန်မပဲဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

# တကယ်ဖြစ်လာတဲ့အိပ်မက်

သမီးတွေအားလုံး ဆရာဝန်ဖြစ်စေရမယ်ဆိုတဲ့ ဖေဖေ့စိတ်ကူးယဉ်အိပ်မက်ကတော့ ပြည်ဖုံးကားချလိုက်ရပါပြီ။ ဂျင်းနက်နဲ့ ပတ်သက်လို့ စိတ်ဆင်းရဲရတာကို ထုတ်မပြောသာတဲ့အခါတိုင်း "ငါ ဘယ်နေရာမှာ မှားသွားတယ်မသိဘူး။ ငါလုပ်မိတာ တစ်ခုခု တော့ရှိမယ်။ ဒါပေမယ့် ဘာများလုပ်မိပါလိမ့်" ဆိုပြီး သူ့ဘာသာသူ တတွတ်တွတ် ရေရွတ်နေတတ်တယ်။

မေမေကတော့ ဖြေပြော ပြောပါတယ်။ "ဒေါ်နယ်လ်ရယ်၊ ကလေးတွေဆိုတာ ဒီလိုပဲပေါ့။ အင်း… ဘဝဆိုတာလည်း ဒီလိုပဲလေ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီစကားက ဖေဖေ့အတွက် ဖြေသိမ့်ရာ မရောက်လှဘူး။ "မင်းကတော့ အပင်ပန်းခံပြီး အလုပ်တွေလုပ်၊ မင်းကလေးတွေကျတော့ မင်းကို ပစ်ပြေး၊ အသည်းနာဖို့ကောင်းတယ်ကွာ"လို့ ပြောပြီး ဖေဖေက မျက်နှာကို လက်ဝါးနဲ့ အုပ်ထားတယ်။

ဂျင်းနက်နဲ့ ဒွန်နာကို နှစ်ယောက်အကြောင်း သူတွေးနေမှန်း ကျွန်မသိတယ်။ အဲဒီလိုပြောတာကြားရတော့ ကျွန်မက ဖေဖေ့ လက်တစ်ဖက်ကို လှမ်းဆွဲပြီး မျက်နှာကို ကျွန်မဘက် လှည့်လာအောင် လုပ်လိုက်တယ်။

"ဖေကြီး၊ သမီးပြောတာ နားထောင်ပါဦး၊ သမီး ဆရာဝန်ဖြစ်အောင် လုပ်မယ်။ ဖေကြီးကို သမီး ကတိပေးတယ်"

ဖေဖေက တော်တော်နဲ့စကားမပြန်ဘူး။ နောက်ပိတ်ဆုံးကျမှ ပြောတယ်။ ပြောတော့လည်း ဟိုအရင် ဒွန်နာ့ဆက်ဆိုဖုန်းကို ကျွန်မ မှတ်ပါရစေဆိုပြီး ပူဆာတုန်းက "ဟဲ့… မုန့်ဂိုင်းလေးရဲ့၊ မင်းက မှတ်မလို့ဟုတ်လား၊ သမီးက ငယ်လွန်းပါသေးတယ်" ဆိုတဲ့ စကားမျိုး။

"သမီးက ဌာနမှူးကိုယ်တိုင် ရွေးချယ်ထားတဲ့ စာရင်းထဲ ပါနေပြီ ဖေကြီးရဲ့။ သမီး ဇီဝဗေဒမှာ တောက်လျှောက် အေ အဆင့်တွေချည်းပဲ ရထားတာ။ ပြီးတော့ သမီးက ဆေးကျောင်း တက်မယ်ဆိုရင် ယူဖို့လိုအပ်တဲ့ သင်ရိုးတွေထဲက အော်ဂဲနစ် ဓာတုဗေဒကိုလည်း ယူထားတယ်လေ"

"ဟေ…ဟုတ်လား၊ မုန့်ဂိုင်းလေးရဲ့၊ မင်း ဖြစ်အောင် လုပ်နိုင်မယ်လို့ တကယ်ကိုထင်သလား"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း ဖေဖေ့ထိုင်ပုံက နည်းနည်းပိုမတ်လာတယ်။ မျက်ဝန်းတွေထဲမှာလည်း လင်းလို့လက်လို့။

"သမီးဆရာဝန်ဖြစ်မယ်လို့ တကယ်တွေးထားပြီပေါ့နော်"

"ဆေးကျောင်းဝင်ဖို့ လျှောက်လွှာတင်တဲ့အခါ ပြုတ်မယ်ဆိုရင် ပြုတ်စရာအကြောင်း တစ်ကြောင်းပဲရှိတယ်။ အဲဒါကတော့ မွန်းမောက်ကောလိပ်က ထွက်တယ်ဆိုတာကြောင့်ပဲ သိလား"

"ကောလိပ်ဟာ ကောလိပ်ပဲပေါ့"

ဖေဖေက လွှတ်ခနဲချက်ချင်းတုံ့ပြန်လိုက်တယ်။ ပြီးတော့မှ ရတ်တရက်ဆိုသလို ဟိုတုန်းက ဖေဖေ့ပုံ၊ ဖေဖေ့လေသံ ပြန်ထွက်လာတယ်။

"လိုချင်တဲ့စိတ်ဆန္ဒရှိရင် နည်းလမ်းဆိုတာရှိတာပဲ" အားမလျှော့နဲ့ သမီးဝင်ခွင့်ရအောင် လုပ်မယ်"

ပြောပြီးခါမှ ဖေဖေနာမ်စားတစ်လုံးကို ယုံကြည်ချက်အပြည့်နဲ့ ပြောင်းသုံးလိုက်သေးတယ်။ "သမီးဝင်ခွင့်ရအောင် တို့လုပ်မယ်" တဲ့။

ကျွန်မလည်း ကီးဝိုင်းအလုပ် ဆက်လုပ်နိုင်အောင် ကိုယ်နေတဲ့ နေရာနဲ့ နီးနီးနားနားဖြစ်မယ့် ဆေးကျောင်းတွေကို လေ့လာစုံစမ်းပြီး ကန်းစီ စာရင်းဆွဲရတယ်။ ကျောင်းတစ်ကျောင်းကို ကျွန်မမျက်စိထဲ စွဲသွားတယ်။ သူက ဟားဗတ်ဆေးကျောင်းလို၊ ယေးလ်တက္ကသိုလ်ဆေးကျောင်းလို နာမည်မျိုး မဟုတ်ဘူး။ အဲဒီကျောင်းကိုခေါ်ထားတာက အထွေထွေရောဂါကုနှင့် ခွဲစိတ်ကုဆရာဝန်များ ကောလိပ်တဲ့။ လှလိုက်တဲ့နာမည်လို့ ကျွန်မဘာသာ တစ်ယောက်တည်း ပြောမိတယ်။ ဒီအသုံးအနှုန်းက အသက်မွေး

www.burmeseclassic.com



ဝမ်းကျောင်းဆန့်တယ်။ ဆွဲဆောင်အားကောင်းတယ်။ ကျောင်းရှိရာ နေရာက နယူးယောက်စီးတီးမြို့က ကိုလံဘီယာပရက်စ်ဘီတေးရီးယန်းအသင်းတော် ဆေးပညာဌာနမှာပါ။ နယူးယောက်စီးတီးဆိုတာကလည်း ကျွန်မကိုမွေးခဲ့တဲ့ ဇာတိမြို့ပဲ။ ဒါဆို အကိုက်နိမိတ်ကတော့ ကောင်းနေပြီ။ ဒါပဲ၊ ကျွန်မတက်ချင်တာ ဒီကျောင်းပဲလို့ တွေးလိုက်တယ်။

စိတ်ချရအောင် တခြားကျောင်း ၁၂ ကျောင်း အရန်ထည့်လိုက်တော့ အားလုံးပေါင်း ၁၃ ကျောင်းရှိတယ်။ ဒါနဲ့ ဖေဖေ့ဆီသွားပြီး ကျောင်းဝင်ခွင့်လျှောက်လွှာ တင်သွင်းခ ငွေတောင်းတယ်။

အဲဒီမှာ ဖေဖေ့ကို ကျွန်မပြောခဲ့တာတစ်ခု ရှိသေးတယ်။

"ဖေကြီး၊ သမီးဆရာဝန်ဖြစ်တဲ့အခါ တကယ်လို့ သမီးအိမ်ထောင်ကျသွားတယ်ပဲ ထားဦး၊ သမီးနာမည်ကိုတော့ ယောကျ်ားရဲ့နာမည်နောက် လိုက်မပြောင်းဘူး။ ဖေကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ သမီးနာမည်ဟာ တစ်သက်လုံး ဒေါက်တာသွန်တင်ပဲ ဖြစ်ရစေ့မယ်"

အဲဒီမျှော်လင့်ချက် အလားအလာနဲ့ ဖေဖေ့မျက်လုံးတွေ မြူးကြွလာတယ်။ ရယ်စရာ မောစရာတွေ ပြောဖော်ရလာတယ်။ မေမေ့အပေါ်မှာလည်း ဆက်ဆံရေးပိုပြီး နူးညံ့လာတယ်။ ဖေဖေ့ကြည့်ရတာ ဘဝသစ် ပြန်မွေးဖွားလာသလိုပဲ။

ကျွန်မလည်း ကျောင်းစာဘက် ဇောက်ချပြီး တက်နိုင်သလောက် ပိုကြိုးစားခဲ့တယ်။ မေမေကတော့ ကျွန်မအတွက် အမှီသဟဲကြီးတစ်ခုပါ။ ပြောရမယ်ဆိုရင် ကျွန်မအနေနဲ့ မနက်

www.burmeseclassic.com

www.burmeseclassic.com



သုံးနာရီထပြီး ရူပဗေဒသင်ခန်းစာတွေ အပြီးသတ်ဖို့လိုတယ် ဆိုပါတော့။ သုံးနာရီထိုးမှာ မေမေထလာပြီး ကျွန်မကို လှုပ်နှိုးမယ်။ ပြီးရင် မီးဖိုထဲဝင်သွားပြီး ကျွန်မအတွက် စားစရာပူပူလေးတစ်ခု သွားလုပ်ပေးမယ်။

ခုနေခါ နောက်ကြောင်းပြန်ကြည့်လိုက်တော့ ကိုယ့်သားသမီးကို စာကြည့်ဖို့ မနက်သုံးနာရီထိုး ထနှိုးတဲ့ ပုဂ္ဂိုလ်တစ်ယောက် အပေါ် ကျွန်မဖြင့် အံ့သြလေးစားမိပါရဲ့။ ပညာရေးနဲ့ ပတ်သက်လာရင် ဘာပဲလုပ်ပေးရပေးရ မေမေ့အတွက် အရေးကြီးကိစ္စချည်းပါပဲ။

၁၉၆၈ ခု၊ ဆောင်းဦးပေါက်ကတော့တကယ့်အချိန်ကောင်း၊ အခါကောင်းပါ။ နိုဝင်ဘာလထဲမှာ ကျွန်မအသက် ၂၁ နှစ်ပြည့်မယ်။ အဲဒီလထဲမှာပဲ ကျွန်မကို ကိုလံဘီယာတက္ကသိုလ်၊ အထွေထွေ ရောဂါကုနဲ့ ခွဲစိတ်ဆရာဝန်များကောလိပ်က လူတွေ့စစ်ဆေးဖို့ စီစဉ်ထားတယ်။

ဒေါက်တာရော့ချ်ပရဲရား ဆိုတဲ့ပုဂ္ဂိုလ်နဲ့ ကျွန်မတွေ့ရပါတယ်။

"သြော်...ခင်ဗျားက မစ္စသွန်သင်၊ မွန်းမောက်ကောလိပ်က၊ ဒါက ထောက်ခံစာလား၊ အဲဒီကောလိပ်ကို ကျုပ် ကြားတောင် မကြားဖူးဘူး" တဲ့။

အဲဒီအချိန်မှာ ကျွန်မစိတ်ထဲကနေ ဖေဖေ့ကို ဒေါသဖြစ်တာ မပြောပါနဲ့တော့။ ကြိုးစားခဲ့ရသမျှ၊ အဆင့်အတွေရခဲ့သမျှ သွားပြီ။ သဲထဲရေသွန်ဖြစ်ပြီ။ သားအဖနှစ်ယောက် အတူတူမက်ခဲ့ရတဲ့ အိပ်မက်။ ဘယ်မှာရှိတော့လို့လဲ။ ခုတွေ့နေရတဲ့ပုဂ္ဂိုလ်က မွန်း

www.burmeseclassic.com

www.burmeseclassic.com



မောက် ကောလိပ်ဆိုတာ ကြားတောင် မကြားဖူးဘူးလို့ ပြောပါ ပကော။

ကျွန်မကို့ စကားအနည်းအကျဉ်း ထပ်ပြောကြတော့ သူ က...

"ခင်ဗျားသိပါတယ် မစ္စသွန်တင်၊ ကျုပ်တို့ကျောင်းမှာ အမျိုးသမီးတွေ ကိုးပြီးလက်ခံဖို့ကြိုးစားပါတယ်။ ဆရာဝန်ကောင်း တွေအဖြစ်နဲ့လည်း ထွန်းပေါက်လာတာ တွေ့ရပါတယ်။ ဒါပေ မယ့် ကျုပ်တို့စိုးရိမ်တာက သူတို့တွေ အိမ်ထောင်ရက်သားကျ၊ မိသားစုနဲ့ဖြစ်လာတဲ့အခါကျတော့ ဒီကျောင်းက သင်ပေးလိုက်တဲ့ ပညာကို ထိထိရောက်ရောက်အသုံးမချတော့တဲ့ကိစ္စပဲ။ ခင်ဗျားက ရော ခင်ဗျားနဲ့ သင့်မြတ်မယ့်လူ ကိုသင့်မြတ်နဲ့ တွေ့လာရင် ဘယ့်နှယ်လုပ်မလဲ" လို့ မေးတယ်။

"တွေ့လာရင် အဲဒီလူကို ကျွန်မဆေးကျောင်းက အောင်ပြီး ဆရာဝန်ဖြစ်လာတဲ့အထိ စောင့်ခိုင်းမှာပေါ့"

"သူက မစောင့်နိုင်ပါဘူးဆိုရင်ကော"

"ဒါဆို အဲဒီလူဟာ ကိုသင့်မြတ် မဟုတ်ဘူး"

ဒေါက်တာပရဲရားက လာတွေ့တဲ့အတွက် ကျေးဇူးတင် ကြောင်း ယဉ်ယဉ်ကျေးကျေးပြောဆိုပြီး ကျွန်မကိုပြန်ခိုင်းပါတယ်။ ကျွန်မလည်း အိမ်အပြန် လမ်းတစ်လျှောက်လုံး ငိုလာခဲ့တယ်။

"ဘာဖြစ်လာတာလဲ မုန့်ဂိုင်းလေးရဲ့" လို့ ဖေဖေက မေး တယ်။

"ဆရာက မွန်းမောက်ကောလိပ်ကို မကြားဖူးဘူးတဲ့" ကျွန်မက ငိုသံပါကြီးနဲ့ ပြန်ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဆင့်မြင့်ကျောင်းကြီးတွေကလာတဲ့ လူတွေနဲ့ တန်းတူ ရည်တူ လိုက်နိုင်မယ်ထင်သလားလို့ သမီးကို ဆရာကမေးတယ်"

"ဆရာကဘယ်လိုဖြစ်တာလဲ၊ သမီးဟာ စာတော်တဲ့ မိန်း ကလေးတစ်ယောက်ဆိုတာ သူ သဘောမပေါက်ဘူးလား"

"အို… ဖေကြီးရယ်၊ ဖေကြီး နားမလည်ပါဘူး"

ကျွန်မလည်း ဒါပဲပြောတတ်တော့တယ်။

"အေး… ငါ့သမီးကို ဝိုင်းအောင်လုပ်တာတော့ ငါ နည်းနည်း မှ မကျေနပ်ဘူးကွ"

နောက်သုံးရက်အကြာမှာ ကိုလံဘီယာတက္ကသိုလ်၊ အတွေ့ အထွေ ရောဂါကုနှင့် ခွဲစိတ်ကုဆရာဝန်များကောလိပ်က ကျွန်မဆီ လိပ်စာတပ်ပြီးပို့လိုက်တဲ့ ဆင်စွယ်ရောင်စာအိတ်တစ်အိတ် ရောက်လာပါတယ်။ သူတို့ဘက်က အမြန်ဆုံး ကြေညာချက် ထုတ်ပြန်ပေးမယ်ဆိုတဲ့အတိုင်း ကတိတည်ပါပေတယ်။

စာအိတ်ကို ဆက်ခနဲလှမ်းယူပြီး ကျွန်မလည်း ရေချိုးခန်းဆီ တန်းပြေးတာပဲ။ အထဲကနေ သော့ချထားလို့ရတာက အဲဒီအခန်း တစ်ခန်းတည်းရှိတယ်။ ဘာပြုလို့ ရေချိုးခန်းထဲ သွားရသလဲ ဆိုတော့ ကျွန်မ တစ်ခါ ထပ်ငိုရဦးမယ်ဆိုတာ သိထားလို့ပါ။ စာအိတ်ကို အဖျားနားကနေ ဖောက်ပြီး စဖတ်လိုက်တယ်။

ရေချိုးခန်းထဲကနေ ကျွန်မ ပြေးထွက်လာလိုက်တာ အိမ်ရှေ့ တံခါးကြီးကိုတောင် ကျော်ထွက်သွားတော့မတတ်ပါဘဲ။

"ငါ့ကို လက်ခံလိုက်ပြီ၊ ငါ့ကိုလက်ခံလိုက်ပြီ။ ငါ ဆေး ကျောင်း တက်ရတော့မယ်ဟေ့" ဆိုပြီး မေမေ၊ ဖေဖေ၊ လင်ဒါနဲ့ ရီတာတို့ကို ကျွန်မ အတင်းဖက်၊ အတင်းဆွဲမွှေ့ လုပ်ပစ်လိုက်

www.burmeseclassic.com

တယ်။ ကျွန်မမှာ ရယ်လိုက်၊ ကလိုက်၊ ငိုလိုက်၊ စာကိုမြှောက်ပြီး တဝေ့ဝေ့လုပ်လိုက် ဖြစ်နေတာပေါ့။

"ငါ့ကို လက်ခံလိုက်ပြီဟော့"

www.burmeseclassic.com

www.burmeseclassic.com

# ‘ဒေါက်တာသွန်တင်’ လို့ ခေါ်တဲ့အသံ’

မေမေနဲ့ဖေဖေက ကျွန်မကို မြို့ရောက်အောင် ကားနဲ့ မောင်းပြီး ကျွန်မနေရမယ့် ဘဒ်အဆောင်အထိ လိုက်ပို့ကြတယ်။

“ဗွန်” တဲ့၊ ဖေဖေက ကျွန်မကို ခေါ်တယ်။

တစ်သက်လုံးက ကျွန်မကို မုန့်ပိုင်းလေးဆိုတဲ့ နာမည်က လွဲရင် တစ်မျိုးပြောင်းပြီးခေါ်ခဲ့တဲ့ ဖေဖေ့ခေါ်သံဟာ လေးနက် တည်ကြည်တဲ့ အခွင့်အခါတစ်ခုကို အမှတ်အသားပြုလိုက်တာပဲ။

“သမီးကို ဒီနေရာအထိပဲ မေမေနဲ့ဖေဖေ လိုက်ပို့နိုင်တယ် သမီး၊ ခုအချိန်ကစပြီး ရှေ့ကို သမီးဘာသာသမီး လျှောက်ပေ တော့”

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကနေ ပြေးချင်လိုက်တဲ့မိန်းမ၊ နောက်ဆုံးတော့ အိမ်နဲ့ ဝေးရပါပြီ။ ဒါပေမယ့် ကောက်ခါငင်ခါဆိုသလို ကျွန်မပါးပြင်ပေါ် မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာတယ်။ ဘဝမှာ ပထမဦးဆုံးအကြိမ် ကျွန်မတစ်ယောက်တည်း ဖြစ်ခဲ့ရပါပကော။ အမေမရှိ၊ အဖေ မရှိ၊ ညီအစ်မတွေ မရှိ၊ ကျွန်မ တစ်ယောက်တည်းရယ်။ ခေတ်လေယာဉ်ကြီး ရုတ်တရက်ပြုတ်ထွက်ပြီး အောက်ကို အလွတ် ထိုးဆင်းနေသလားလို့ ကျွန်မစိတ်ထဲမှာ ခံစားလိုက်ရတယ်။

နောက်တော့ ဖေဖေက သူ့အိတ်ထဲကိုလက်နှိုက်ပြီး ဖန်သားနဲ့လုပ်ထားတဲ့ ဆေးလိပ်ပြာခံခွက် တစ်ခွက်ကို ဆွဲထုတ်လိုက်တယ်။

“မကော်လို့ မင်းအခန်းထဲကို တစ်ယောက်ယောက်က ဝင်ဖို့ကြိုးစားရင် သုံးဖို့” ဆိုပြီး ဆေးလိပ်ခွက်ကို ကျွန်မလက်ထဲ ထည့်ပေးရင်း ဖေဖေက ပြောတယ်။

“ဒါက နယူးယောက်နော်၊ သမီးကျပ်ကျပ်သတိထား” တဲ့။

“ဒီဆေးလိပ်ခွက်နဲ့ သမီးက ဘယ်လိုလုပ်ရမှာလဲ ဖေဖေရဲ့”

“အဲဒီခွက်ကို သမီး တံခါးရွက်ပေါ်တင်ထား၊ တစ်ယောက်ယောက်က တံခါးကို ဖွင့်လိုက်ရင် ခွက်ပြုတ်ကျမယ်။ ကျတာနဲ့ သမီးနိုးလာပြီး အဲဒီကောင် ခေါင်းကို ရိုက်ခွဲပစ်ဖို့ တစ်ခုခုသာ ထဆွဲပေတော့၊ ဘယ့်နှယ် အိုကေပဲ မဟုတ်လား”

“ဟုတ်တယ်၊ အိုကေပဲ ဖေဖေ”

ဆေးလိပ်ခွက်ကို တံခါးပေါ်တော့ မတင်ဖြစ်ပါဘူး။ ဘာပြုလို့လည်းဆိုတော့ ကိုယ်တင်ထားတာ ကိုယ်သတိမေ့ပြီး ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်ပဲ ပြုတ်ကျမှာ ကျွန်မ သေချာပေါက်သိထားလို့ပါ။ ဒါပေမယ့် ခုချိန်ထိ ကျွန်မ အဲဒီဆောလိပ်ခွက်ကလေးကို သိမ်းထားပါတယ်။

နောက်တစ်နေ့ မောင်မယ်သစ်လွင်တွေကို ကြိုဆိုတဲ့ လက်ဖက်ရည်ပွဲမှာ ပရင့်စ်တန်နဲ့ ယေးလ်ကလာတဲ့ ကျောင်းသားအုပ်စုနဲ့ ကျွန်မ အတူတူထိုင်ရတယ်။ တစ်ယောက်က ကျွန်မကို မေးတယ်။ သွန်တင်ညီအစ်မများအဖွဲ့ထဲကလားတဲ့။ ချက်ချင်းဆိုသလို ကျွန်မတို့နှစ်ယောက် အကအကြောင်း၊ ဂီတအကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း စကားလက်ဆုံကျသွားတယ်။

ဒီအုပ်စုထဲမှာပါတဲ့လူတစ်ယောက်က တော်တော်ထွားကျိုင်းတယ်။ အရပ် ခြောက်ပေါ်လက်မ၊ ခြောက်ပေခွဲလောက်ရှိမယ်။ လက်တွေကလည်း သစ်ခုတ်သမားလက်တွေလား အောက်မေ့ရတယ်။ “နေကောင်းလား” လို့ သူက ကျွန်မကို နှုတ်ဆက်ရင်း ကျွန်မ ညာဘက်လက်ကို သူ့လက်ထဲ ထည့်ဆုပ်လိုက်တယ်။

“ကျွန်တော်က ရှားဝုဒ်မက်ကလီလင်းပါ။ အများကတော့ ဝုဒ်လို့ပဲ ခေါ်ကြတယ်”

အဲဒီလိုတွေ့ဆုံပြီးကြတဲ့နောက် သိပ်မကြာဘူး။ ရှီးယားဝုဒ်လို့ စာလုံးပေါင်းပေမယ့် သူ့နာမည်ကို ရှားဝုဒ်လို့ အသံထွက်ခေါ်တတ်တဲ့လူက ကျွန်မကို ရုပ်ရှင်အတူကြည့်ဖို့ အဖော်စပ်တယ်။ ကျွန်မ မလိုက်နိုင်ပါဘူး။ ကျွန်မမှာ စာအုပ်ပုံထဲ မြုပ်နေရင်နေ၊ မနေရင် စနေ၊ တနင်္ဂနွေရက်တွေကျတော့ ကီးဝိုင်းထဲရောက်နေရတာ မဟုတ်လား။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် အတူတူစာကြည့်ရင်း တစ်ယောက်ဘဝအကြောင်း တစ်ယောက် ပြောပြခဲ့ကြဖူးပါတယ်။

www.burmeseclassic.com



ရှားဂုဒ်က ပရင့်စ်တန်ကောလိပ်က အောင်လာတာပါ။ ဒါပေမယ့် ကျွန်မအဖေလိုပဲ သူ့အဖေကလည်း အလုပ်နှစ်ခု လုပ်ရတယ်။ အင်ဒီယားနားနယ်က သူ့ဇာတိ ဂါရီဆိုတဲ့ မြို့ကလေးမှာ သူ့အဖေက သံမဏိစက်ရုံ အလုပ်သမားလုပ်တယ်။ စက်ရုံအလုပ်အားတဲ့အချိန်မှာ ကုန်တင်ကားမောင်းတယ်။ ဒါပေမယ့် ရှားဂုဒ်ဘဝမှာ စိတ်အားတက်အောင် အကြီးအကျယ် လှုံ့ဆော်ပေးခဲ့တာက သူ့အမေပဲ။ သူက နယူးဂျာစီနယ်မှာရှိတဲ့ ကျွန်မ မိဘတွေ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်မျိုးကို အမြဲရွတ်ဖတ်သရဇ္ဈာယ်နေတာဆိုပဲ။ စာကြည့်၊ စာကြည့်၊ စာကြည့်နဲ့ ကြည့်တည်း ကြည့်ခိုင်းနေတာ။ ပြီးတော့ ဖေဖေ့လိုပဲ သူ့အမေကလည်း သူ့သားကို ဆရာဝန်ဖြစ်စေချင်တာတဲ့လေ။

ကျွန်မတို့နှစ်ယောက် ပထမဦးဆုံး ချိန်းဆိုတွေ့ဆုံပြီးတဲ့နောက် မကြာခင်မှာဘဲ ကျွန်မမိဘတွေနဲ့ တွေ့ပေးရအောင်ဆိုပြီး သူ့ကို ကျွန်မ လောင်းဘရန့်ချ်အထိ ခေါ်လာခဲ့တယ်။ ဖေဖေကတော့ သူ့သမီးတွေအနားကို ဘယ်ယောကျ်ားမှ ကပ်စေချင်တာမဟုတ်လို့ ဟက်ဟက်ပက်ပက် သိပ်မရှိလှဘူး။

၁၉၇၃ ခုနှစ်၊ နွေဦးရာသီရဲ့ နေခြည်တောက်ပတဲ့ နေ့တစ်နေ့မှာ ကျွန်မ အမ်၊ဒီ ဘွဲ့ ရခဲ့ပါတယ်။ မေမေက ပျော်လို့ရွှင်လို့ ရွှန်းရွှန်းဝေနေချိန်မှာ ဖေဖေက မာန်တွေတက်ပြီး ရင်အုပ်ကားကားကြီးကို ချီလို့လေ။ ဒါနဲ့ ကျွန်မက ဖေဖေ့ကို နောက်ရသေးတယ်။ အိမ်ကထွက်ရင် ဘေးဘောင်းကလေးလှည့်ထွက်၊ တည့်တည့်ထွက်ရင် တံခါးပေါက်နဲ့ ကိုယ်နဲ့ မဆံ့ဘဲ ဖြစ်နေမယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ မေမေပြောပြလို့ သိရတယ်။ ဖေဖေရယ် တစ်ခါမှ မတွေ့ဘူးတဲ့ လူစိမ်းတစ်ယောက်ရဲ့ တံတောင်ဆစ်ကို ဆတ်ခနဲသွားကိုင်ပြီး ကျွန်မကို လက်ညှိုးထိုးပြရင်း "ဟောဟို အပေါ်ကဟာ ကျွန်တော့်သမီးပေါ့။ သူက ဆေးကျောင်းက ဘွဲ့ရတာလေ။ တစ်ခုခုတော့ ဖြစ်သွားပြီပေါ့ဗျာ။ မဟုတ်ဘူး လား"လို့ နှစ်ကိုယ်ကြား ပြောနေလိုက်တာ၊ တကတည်း တစ်ခန်း လုံး မကြားရရုံတစ်မယ်ပဲ ရှိတော့တယ်တဲ့။

တစ်အောင့်လောက် တိတ်ဆိတ်နေတုန်း ဖေဖေက မေမေ့ကို မေးတယ်။

"မင်း ဘာပြုလို့ မျက်ရည်တွေနဲ့ဖြစ်နေရတာလဲ တက်စ်ရဲ့"

"ရှင့်လိုပဲပေါ့၊ ရှင်လည်း ဘာတူးလို့လဲ ဒေါ်နယ်လ်ရယ်" လို့ မေမေက ပြန်ဖြေတယ်။

ကိုလံဘီယာကနေကျောင်းပြီးသွားတော့ ကျွန်မလည်း ရှူးစဗဲ ဆေးရုံမှာ လက်တွေ့စဆင်းရတယ်။ တစ်နေ့ ကျွန်မ တာဝန်ချိန် ကုန်ခါနီးမှာ ကျွန်မနာမည်ကို အသံချဲ့စက်နဲ့ ခေါ်တဲ့အသံ ကြား လိုက်ရတယ်။

"ဒေါက်တာသွန်တင် . . . ဒေါက်တာသွန်တင်၊ လိုင်းနံပါတ် ငါး . . . လိုင်းနံပါတ်ငါး"

ကျွန်မက ဖုန်းကောက်ကိုင်တော့ ကျွန်မကို ဆေးရုံရှေ့ စားပွဲမှာ တွေ့ချင်လို့ စောင့်နေတဲ့အကြောင်း ပြောပါတယ်။

ဂက်စုံအဖြူ၊ နားကျပ်ကို လည်ပင်းမှာဆွဲထားတဲ့ ကျွန်မဟာ ခြေလှမ်းကျဲကျဲနဲ့ ခန်းမထဲဆင်းလာခဲ့တယ်။ ခပ်လှမ်းလှမ်းကနေ ဖေဖေ့ကို မြင်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဖေဖေ၊ မေမေများ တစ်ခုခုဖြစ်လို့လား၊ မေမေ နေကောင်းရဲ့လား"

"မင်းအမေ နေကောင်းပါတယ်ကွ" လို့ ပြောပြီး ဖေဖေက တစ်နေရာကို ငေးကြည့်နေတယ်။ သူငေးနေတဲ့ ထောင့်ကျကျ နေရာကို ကျွန်မလည်း လိုက်ကြည့်မိတယ်။ အသံချဲ့စက်နဲ့ လူ ခေါ်စနစ် သုံးတဲ့နေရာက အသံချဲ့စက်ကို ဖေဖေဟာ တွေတွေ ကြီး ကြည့်ရင်း ပြောတယ်။

"သုတို့ကို တစ်ခါလောက် ထပ်လုပ်ခိုင်းလို့ ဖြစ်မလား"တဲ့။

"ဘာကို လုပ်ခိုင်းရမှာလဲ"

"သမီးနာမည်ကို ခေါ်တာလေ"

ကျွန်မက ဖုန်းရှိရာသွားပြီး အော်ပရေတာကို နာမည်ပြန် ခေါ် ပေးပါဦးလို့ ပြောတယ်။ ပြောပြီး ပြန်လျှောက်လာကုန်းမှာ ခေါ်သံ ထွက်လာတယ်။

"ဒေါက်တာသွန်တင် ... ဒေါက်တာသွန်တင်"

ဝမ်းသာလွန်းလို့ ရွှန်းပနေတဲ့မျက်နှာကို ကျွန်မဘက်လှည့် ရင်း ဖေဖေက မေးတယ်။

"မုန့်ဝိုင်းလေး၊ ဒီလောက်သာယာတဲ့အသံမျိုး မင်း ကြားဖူး လားဟင်"

"နဲ့ကြီးမှုတ်လို့ထွက်လာတဲ့ ဂီတသံထက်တော့ ပိုပြီးသာယာ မှာပေါ့၊ မဟုတ်ဘူးလားဖေဖေ" လို့ ကျွန်မ ကနောက်လိုက်တယ်။

"အို ... ဘယ့်နှယ်ပြောပါလိမ့်၊ အများကြီး၊ အပုံကြီး ပိုပြီး သာယာတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



# မင်းတို့အမေကို မင်းတို့ သယ်ရမယ်

၁၉၇၆–၇၇ ခုနှစ်၊ အဲဒီနှစ်မှာ ကျွန်မက ရူးစဖွဲဆေးရဲ့ သားဖွားမီးယပ်ဌာနမှာ တာဝန်ခံဆရာဝန်အဖြစ် အမှုထမ်းရတယ်။ ရှားဂုဒ်နဲ့ကျွန်မ လက်ထပ်ပြီးကြပါပြီ။ သူက အရိုးရောဂါခွဲစိတ်ကုဘက်မှာ အထူးပြုထားတာဆိုတော့ ကျွန်မတို့နှစ်ယောက်လုံး အလုပ်ထဲမှာပဲ နစ်နေခဲ့ကြတယ်။

တစ်နေ့ ကျွန်မ ခွဲစိတ်ခန်းထဲရောက်နေတုန်း မွန်းမောက်ဆေးရုံကို ဖုန်းပြန်ဆက်ဖို့ သတင်းဝင်လာတယ်။ မေမေ့ယိုနှလုံးခုန်နှုန်းမမှန်လို့ ဆေးရုံတင်ထားရတယ်တဲ့။ ကိုယ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း မာမာချာချာနဲ့ ဒေါင်ဒေါင်မြည်နေတဲ့ မိဘတွေ ရတ်တရက်ကောက်ရသလို မမာမကျန်းဖြစ်သွားတာမျိုး ကြုံရတဲ့အခါ လူတစ်ယောက်ဟာ ကလေးတွေ ကြိုးတုံးဖြေတမ်း ကစားနည်းကို လောကကြီးနဲ့ ကစားနေရသလိုဖြစ်တော့တာပဲ။ အကွင်းစကို အပြင်လှန်ပြီး သူတို့လက်ထဲကအစ ကိုယ့်လက်ထဲ လာထုံးမိတဲ့ အဖြစ်မျိုးပေါ့။

အဲဒီနောက်တော့ မေမေ လေဖြတ်သွားတယ်။ ရက်နည်းနည်းအကြာမှာ စကားပြောနိုင်လာပေမယ့် ပီပီသသမရှိတော့ဘူး။ ပြောရင်လည်း ပါးစပ်တစ်ခြမ်းကပဲ ပြောလို့ရတယ်။ ရူပဗေဒကုထုံးနဲ့ စကုပေးတော့ နောက်ပိုင်းမှာ အမှီအတွဲနဲ့လျှောက်မယ်ဆို တစ်ကိုက်နှစ်ကိုက် အကွာအဝေးလောက် ရောက်အောင် တရွတ်ဆွဲ လျှောက်နိုင်လာတယ်။

“တစ်နေ့၊ နေ့ခင်းပိုင်း ကျွန်မ အိမ်ကို ခဏရောက်သွားတယ်။ အိမ်မှာ ဘယ်သူမှ မရှိကြဘူး။”

“ဘယ်လိုနေသေးသလဲ မေမေ”

“အို… အတော်သက်သာတယ်” လို့ ပြန်ပြောတယ်။

ကျွန်မကို စကားပြောနေတုန်းမှာ မေမေက သူ့လက်ကို ကိုင်ထားဖို့ လှမ်းပေးတယ်။ “သမီးတို့က သိပ်တော်တာပဲ” လို့ လေသံတိုးတိုးနဲ့ ပြောတယ်။

ကျွန်မက ရုပ်ရှင်ထဲက စာသားလေးတစ်ကြောင်း သွားသတိရတယ်။ “ခင်ဗျားကလေးတွေက ရှားမှရှားတွေပါ” ဆိုတဲ့ စကား။ ဒီစာသားကို ကျွန်မတို့ မိသားစုနဲ့ အံဝင်ခွင်ကျဖြစ်အောင် ကျွန်မက ခုလိုပြင်ပြီးပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မေမေနဲ့ဖေဖေကမှ ရှာမှရှားတဲ့ အလုပ်သမားကောင်းကြီးတွေပါ မေမေရယ်"

ပက်လက်ကလေးနေရင်းက ခေါင်းကို တစ်ဖက်လှည့်ထားတဲ့ မေမေ့ပါးပြင်ပေါ် မျက်ရည်တစ်ပေါက် လိမ့်ဆင်းလာတယ်။ ကျွန်မက မျက်ရည်သုတ်ပေးရင်း ကြင်နာယုယတဲ့လေသံနဲ့...

"သမီး ခဏပြန်ဦးမှဖြစ်မယ်မေမေ၊ ဒီည သမီးဆေးရုံမှာ အရန်သင့် ရှိနေရမယ်။ ဒါပေမယ့် သမီးကို အိမ်မှာနေစေချင်ရင် ဖုန်းဆက်ပြီး လူစားလဲခိုင်းလို့ ရပါတယ်"

"မလုပ်နဲ့၊ သွားပါ သမီးလေးရယ်၊ မေမေ အဆင်ပြေပါတယ်။ နေကောင်းသွားမှာပါ"

သုံးရက်အကြာမှာ မေမေ အနိစ္စရောက်ပါတယ်။ ဈာပန အစီစဉ် လုပ်ရမယ့်အချိန် ရောက်လာတော့ ဒီကိစ္စမျိုး ဖေဖေမှ လုပ်နိုင်ပါ့မလားလို့ ကျွန်မတို့ မဝေခွဲတတ်အောင် ဖြစ်နေကြတယ်။ ဖေဖေက တိုးတိုးသက်သာပြောတယ်။

"ငါလုပ်နိုင်ပါတယ်ကွာ၊တကော်စ်အတွက် ငါလုပ်ပေးရမယ်။ ဒါပေမယ့် သမီးတို့ကလည်း ဖေဖေ့ကို ကူကြဦး။ အဝတ်အစားတို့၊ ပြင်တာဆင်တာတို့ကျတော့ ဖေဖေက နားလည်တာ မဟုတ်ဘူး"

ကျွန်မတို့တွေ ပြင်ဆင်လို့အပြီးမှာ ဈာပနကိစ္စတာဝန်ခံက ကျွန်မတို့ကို နေရာမှာထိုင်ကြဖို့ ပြောပါတယ်။

"ခင်ဗျားမှာလည်း သမီးတွေချည်းပဲရှိတာဆိုတော့ အခေါင်းသယ်ဖို့ လူလိုလိမ့်မယ်" လို့ တာဝန်ခံက ဖေဖေ့ကို ပြောပြတယ်။

"နေပါစေ"တဲ့၊ "ကျွန်တော့်ဇနီးကို သူတစ်စိမ်းထိစရာ မလိုပါဘူး"လို့ ဖေဖေက စိတ်မြန်လက်မြန် ပြန်ပြောတယ်။

www.burmeseclassic.com



"အဆင်ပြေပါတယ် ဖေဖေရဲ့၊ ခေါင်းသယ်မယ့်လူ ရှိပါတယ်"

"မင်းတို့ သယ်ရမယ် သမီးတို့၊ မင်းတို့အမေကို မင်းတို့ပဲ သယ်ရမယ်"

ကျွန်မတို့အချင်းချင်း လှမ်းကြည့်လိုက်ကြတယ်။ ဒီလောက်လေးတဲ့ သတ္တုခေါင်းကြီးကို ကျွန်မတို့ ဘယ်လိုလုပ်သယ်ရပါ့မလဲ။

ဆုတ်ဆိုင်းဆိုင်းဖြစ်နေတဲ့ ကျွန်မတို့ကို အမှုမထားဘဲ ဖေဖေက မာန်သွင်းပြီး ပြောတယ်။

"မိန်းမသားတွေလည်း ဘာမဆို လုပ်ရင်ဖြစ်ရမယ်"

"ဖေဖေက ဒီအတိုင်းပဲ ဖြစ်စေချင်တာလား"

"ဒီအတိုင်းပဲ ဖြစ်စေချင်တာ"

"ဒါဖြင့် သမီးတို့ သယ်မယ်"

မေမေ့ကို မွေးတဲ့နေ့မှာပဲမေမေ့ကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရတယ်။ ဇန်နဝါရီလ ၁၂ ရက်နေ့ပေါ့။ သူ့မွေးနေ့ကို မေမေက သဘောမကျခဲ့ဘူး။ ဘာပြုလို့လည်းဆိုတော့ အဲဒီရက်ရောက်ရင် အမြဲတမ်း နှင်းတွေဝေနေတတ်လို့တဲ့။ ဟုတ်ပါရဲ့။ မြေကြီးပေါ်မှာ မိုးနှင်းတွေက ကမ္ဗလာခင်းလို့၊ ခေါင်းဘေးတစ်ဘက်တစ်ချက်မှာ ကျွန်မတို့ နေရာယူလိုက်တဲ့အချိန်၊ လေက ကျွန်မတို့ မျက်နှာတွေဆီ အေးရိုက်တဲ့နှင်းခဲစတွေနဲ့ နေရာအနှံ့ကနေ အရှိန်ပြင်းပြင်း ကြဲပက်လို့လေ။

မြေမြှုပ်မယ့်နေရာက တောင်ကုန်းလေးတစ်ခုပေါ်က သစ်ပင် တစ်ပင်အောက်မှာ။ မဖြစ်ဘဲနဲ့ ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



“မိန်းမသားတွေလည်း ဘာမဆို လုပ်ရင်ဖြစ်ရမယ်” ကျွန်မတို့ အချင်းချင်း အားပေးတဲ့အနေနဲ့ တီးတိုးပြောလိုက်ကြတယ်။ ကျွန်မတို့ အစိုးရိမ်ကြီးသလောက် ‘ခေါင်း’ကလည်း လေးလိုက်တာမှ မပြောပါနဲ့တော့။ ဒါပေမယ့် အသံချဲ့စက်ပစ္စည်းတွေကို ကားပေါ်တင်လိုက်၊ ချလိုက် နှစ်ပေါင်းများစွာ လုပ်လာခဲ့ကြတာမို့ ကျွန်မတို့ ညီအစ်မတွေက သန်မာကြပါတယ်။ မြေမြှုပ်မယ့် တွင်းဝမှာ ‘ခေါင်း’ ကို ချပြီးအခါ တွင်းထိပ်မှာ ရပ်နေတဲ့ ဖေဖေ့နံဘေးကို ကျွန်မတို့ အစီအစဉ်တကျ သွားရပ်ကြတယ်။ ဘုရားဝတ်ပြု ဓမ္မတေးဆိုကြတယ်။ နောက်တော့ ဈာပနကိစ္စ ပြီးဆုံးပါတယ်။

တစ်နေ့ ဖေဖေက သူလုပ်နေတဲ့ အဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဖျက်သိမ်းလိုက်ရတဲ့အကြောင်း ကျွန်မဆီ လှမ်းပြောတယ်။ ခုတော့ တက်စ်လည်းမရှိ၊ အလုပ်လည်းမရှိနဲ့ သူ့မှာ နှစ်ထပ်ကွမ်း စိတ်မချမ်းမြေ့စရာ ဖြစ်နေရှာမယ်။ အများကတော့ နှစ်သိမ့်ကြပါတယ်။ ခုလိုဖြစ်လာတာ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို လုပ်နိုင်တယ်။ ပိုကောင်းမယ်ထင်တဲ့ဟာ ရွေးလုပ်ပေါ့ လို့ ပြောကြတယ်။

“ကျုပ် လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပါပြီဗျာ။ ကျုပ်ဇနီးနဲ့ သမီးတွေကို ကျုပ် စောင့်ရှောက်ခဲ့တယ်။ သူတို့က ကျုပ်ကို မှီခိုနေကြရတာဆိုတော့ ကျုပ်မှာ စိန်ခေါ်ပွဲနွှဲခဲ့ရတာပေါ့။ ခုတော့လည်း နောက်ထပ် စိန်ခေါ်စရာမရှိတော့ပါဘူးဗျာ” လို့ နွမ်းလျတဲ့ လေသံနဲ့ ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်တကယ်တမ်းကျတော့ ဖေဖေက အလုပ်မလုပ်ဘဲ အကြာကြီးနေတတ်တာမှမဟုတ်တာ။ အိမ်အို အိမ်ဟောင်းတွေ ဝယ်ပြီး အခန်းသစ်တွေပြန်လုပ်ချင်တဲ့ လူတစ်ယောက်နဲ့ ဖေဖေ အဆက်အသွယ်ရသွားတယ်။ အဲဒီအလုပ်ကို သူ့တစ်ယောက်တည်း တစ်လက်ကိုင်လုပ်ပေးမယ်ဆိုပြီး ဖေဖေက ကန်ထရိုက်ယူတယ်။

အိမ်အတွင်းပိုင်းတွေ ဖြိုစရာ၊ ဖျက်စရာရှိရင် တစ်ကြိမ်ကို အိမ်တစ်လုံး တာဝန်ယူလုပ်တယ်။ ကြမ်းပြင်တွေခွာ၊ နံရံတွေဖြို၊ ပြတင်းပေါက်တွေ အသစ်တပ်၊ မီးဖိုချောင်တွေပြင်နဲ့ ဖေဖေတစ်ယောက် ရှင်ရှင်လန်းလန်း ဖြစ်လာတယ်။

“လုပ်ရတာကတော့ ရယ်စရာပါကွာ”လို့ ဖေဖေက မှတ်ချက် ချတယ်။ ဒါပေမယ့် ဟော့၊ နှစ်ပေါင်းများစွာ အလုပ်ကို မနားမနေကြိုးစားလုပ်လာခဲ့တော့ ငါ့မှာ ရပ်လို့မရတော့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် လုပ်စရာအလုပ် တစ်ခုခုသာမရှိရင် ငါတော့ ရူးမှာသေချာတယ်”

www.burmeseclassic.com

www.burmeseclassic.com

# သူက မြင့်မြင့်မားမား မှန်းခဲ့တာ

အဲဒီနေ့က နေရောင်လေး လက်လာတယ်။ နှင်းမှုန်တိုင်း တိုက်ပြီးသွားလို့ ရှားပုဒ်က သူ့ကားထုတ်မယ့်လမ်းပေါ်က နှင်းဖက်တွေကို ဂေါ်ပြားတစ်လက်နဲ့ ဖယ်ပစ်နေတုန်းမှာ တယ်လီဖုန်း မြည်လာတယ်။ သတင်းကတော့ မကောင်းဘူး။

ကျွန်မဖေဖေ ဆေးရုံတင်ထားရတယ်တဲ့။ သူလည်း လေဖြတ်တာပဲ။ ဟိုအရင် ခြောက်နှစ်က မေမေ့သတင်းကြားခဲ့ရတဲ့ အံ့ဩတုန်လှုပ်စရာနေ့မျိုး တစ်ကျော့ပြန်လာပြီနဲ့ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကောက်လျှောက် မေ့မြောနေပြီး သတိပြန်လည် မလာတော့ဘူး။ မျက်နှာပေါ်မှာကတော့ သူမြတ်နိုးတဲ့ ကက်စ်နဲ့ ပြန်တွေ့ရတော့မယ့်အတိုင်း ပြုံးရိပ်သန်းနေတယ်။ ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ ၇၈ နှစ်မြောက် မွေးနေ့မတိုင်ခင် တစ်လ အလိုမှာ ဖေဖေဆုံးတယ်။

ဒီတစ်ခါတော့တာဝန်ခံပုဂ္ဂိုလ်က ကျွန်မတို့ကို 'ခေါင်း'သယ် မယ့်သူငှားဖို့ အကြံမပေးတော့ပါဘူး။ ဒေါနယ်လ်ရဲ့ သမီးတွေဟာ သူတို့အမေတုန်းကလိုပဲ သူ့ကိုလည်း မြေမြှုပ်မယ့်ဆီ သယ်သွား ကြလိမ့်မယ်လို့ ကြိုသိထားပုံရတယ်။

ဒီတစ်ခါတော့ ဖြစ်ပါ့မလား။ ကျွန်မတို့လည်း အရွယ်က အိုလာကြပြီ။ ဖေဖေ့ကိုယ်ခန္ဓာက ပိုလည်းလေးတယ်။ ဒီဟာဖြစ်နေ တာတွေကို အရင်တစ်ခါတုန်းကနည်းအတိုင်း ညီအစ်မချင်း တစ် ယောက်ကို တစ်ယောက် **"စိတ်ဆန္ဒအင်အားကြီးလာရင် မိန်းမ သားတွေလည်း ဘာမဆို လုပ်ရင်ဖြစ်တယ်"** လို့ ပြောရင်း စိတ် နှလုံး ဒုန်းဒုန်းချလိုက်ကြတယ်။

ဖေဖေကိုယ်တိုင် ဆောက်ခဲ့တဲ့ ကျွန်မတို့ ကြီးပြင်းလာခဲ့တဲ့ အိမ်ထဲမှာ စုဝေးကြပြီး ဖေဖေ့ဈာပန အခမ်းအနားမှာ ဘာပြောရင် ကောင်းမလဲလို့ တိုင်ပင်ကြတယ်။ ကော်ဖီဖျော်ပြီး စားပွဲမှာ ကျွန်မတို့ ဝိုင်းဖွဲ့ထိုင်လိုက်တယ်။ ဒီစားပွဲဟာ ကျွန်မတို့ ငယ်ငယ် တုန်းက မနက်မိုးလင်းတိုင်း မိဘတွေနဲ့အတူ ဝိုင်းဖွဲ့ထိုင်ခဲ့ကြတဲ့ နေရာ။ အကျိုးရှိရာရှိကြောင်း အမိန့်ပေး တာဝန်ချခဲ့တဲ့နေရာ။ ကျွန်မတို့ဘဝတွက် မိဘတွေက လမ်းညွှန်မှုပေးခဲ့တဲ့ နေရာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခု ဒီနေရာကို ကျွန်မတို့ ပြန်ရောက်နေကြပြီ။ ဘက်တီက သူနာပြုဆရာမ၊ ဒွန်နာက တရားရုံးသတင်းထောက်၊ လင်ဒါက သွားဆိုက်ပညာရှင်၊ ရီတာက အလွတ်ပညာသင်ကျောင်း တစ်ကျောင်းက သိပ္ပံဌာနမှူး၊ ဂျင်းနက်နဲ့ ကျွန်မတို့ နှစ်ယောက်က ဒေါက်တာတွေဖြစ်လာကြတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်တဲ့ မိန်းမတွေ၊ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းသွားနိုင်တဲ့ မိန်းမသားတွေပါ။

"ဒီလိုဖြစ်အောင် သူ ဘယ်လိုလုပ်ခဲ့ပါလိမ့်"

ကျွန်မအတွေးက အသံထွက်သွားတယ်။

"တို့တွေကို မိန်းမကြီးခြောက်ယောက်ဖြစ်လာအောင် ဖေဖေ ဘယ်လိုမွေးထုတ်ခဲ့ပါလိမ့်"

"ဖေဖေက လေးကိုင်း၊ တို့တွေက မြားတံတွေ" လို့ တစ်ယောက်က ပြောတယ်။

"ပြီးတော့ သူက အမြင့်ကိုမှန်းပြီး ချိန်ခဲ့တာ"

ဖေဖေ့ကို အကြောင်းပြုပြီး ကျမ်းစာထဲက စာသားတချို့ ကျွန်မစိတ်ထဲ ပြန်ပေါ်လာတယ်။

"သင်သည် ဂီတသမားဖြစ်အံ့၊ သူတို့က သင့်လက်ချောင်းများကို ချီးကြလိမ့်မယ်။ သင်သည် ကစားခုန်စားသူဖြစ်အံ့၊ သူတို့က သင့်ဒူးဆံကို ထုတ်ကြလိမ့်မည်။ သို့သော်ငြားလည်း"

ဒီနေရာရောက်ရင် ဖေဖေကဇာတ်ဟန်ပါပါနဲ့ ခဏလောက် အမြဲရပ်ထားတတ်တယ်။

"သို့သော်ငြားလည်း သင်သည် ပညာတတ်သူဖြစ်အံ့၊ သင့် ဦးခေါင်းတွင်းသို့ တစ်ကြိမ်သွတ်သွင်းပြီးသောအရာသည် သင်

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေသမျှ ကာလပတ်လုံး သင့်ကိုယ်ပိုင်လုံးလုံး ဖြစ်ချေသည်”

ပြီးတော့ ရှိသေး၏။

“အကယ်၍ အိမ်တံခါးဖွင့်မထားလျှင် ပြတင်းမှကွယ်၍ တက်လော့။ ပြတင်းပေါက်ပိတ်ထားလျှင် မြေအောက်ခန်းမှဝင်၊ ထိုအခန်းသော့ခတ်ထားလျှင် အိမ်ခေါင်မိုးသို့တက်၍ မီးဖိုခေါင်းတိုင်မှ ဝင်ရောက်ရန်အလို့ငှာကြည့်လော့။ သင် ကြိုးစားအားထုတ်နေသမျှ နည်းလမ်းဟူသည် ရှိမြဲဖြစ်၏”

ကျွန်မတို့ အများဆုံးပြောဖြစ်တာကတော့ ဖေဖေ တစ်ယောက် သူ့မိသားစုအပေါ် နှစ်နှစ်ကာကာမြှုပ်နှံပြီး စိတ်တစ်စိတ်တည်း ထားသွားတဲ့အကြောင်းပါပဲ။ ဖေဖေက ပြောလေ့ရှိတယ်။

“ငါ့မိသားစုကို ချစ်တဲ့အတွက် ငါ့ကို မှားတယ်လို့ဆိုရင် ငါကလည်း မှန်ချင်စိတ်မရှိပါဘူး”


ဖေဖေဟာ သူ့ကိုယ်ပိုင်ဉာဏ်ပညာသက်သက်နဲ့သူ မှန်ခဲ့တဲ့ သူပါ။

သင်္ချိုင်းမှာ အလံလွှမ်းထားတဲ့ ‘ခေါင်း’ကို ကျွန်မတို့ ဝိုင်းမလိုက်ကြတယ်။ ကျွန်မတို့ဖေဖေကို အသက်ရှိနေတုန်းရော၊ မရှိတော့တဲ့နောက်မှာပါ ဘယ်တော့မှ မနိမ့်ကျစေရဘူးလို့ ကျွန်မတို့ အခိုင်အမာပိုင်းဖြတ်ပြီးသား။ ဒါကြောင့်မို့ သူမြတ်နိုးတဲ့ဗနီးတက်စ်နဲ့ ဘောချင်းယှဉ်လျက် သူ့တွင်းဝရောက်တဲ့အထိ မြေကတုတ် ကျင်းတူးသမားတစ်ယောက်ရဲ့ သမီးတွေက ခြေ တစ်လှမ်း မယိမ်းယိုင်စေရဘဲ သူ့ကို သယ်မ ပို့ဆောင်ပေးခဲ့ကြပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com